# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 24 April 2024 ၁၁၄၃၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ ရေခဲတောင်အလှကို တွေ့ရစဉ်။

## မြန်မာနိုင်ငံက အာဆီယံနိုင်ငံများအကြားတွင် အာဆီယံအမွေအနှစ်အမျိုးသားဥယျာဉ်ပိုင်ဆိုင်မှု တတိယနေရာတွင် ရပ်တည်နေ

ရန်ကုန် ဧပြီ ၂၃

ကမ္ဘာကြီးပူနွေးလာမှုမှ ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်ရှင်သန်ဖွံ့ဖြိုးမှုနှင့် လူနှင့်ရုပ်ပတ်ဝန်းကျင်ကို သဘာဝဘေးမဲ့တောများနှင့် အမျိုးသားဥယျာဉ်များက အကျိုးပြုလျက်ရှိရာ အမျိုးသားဥယျာဉ်များကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအကြားတွင် အာဆီယံအမျိုးသားဥယျာဉ်များပိုင်ဆိုင်မှု တတိယနေရာတွင် ဂုဏ်ယူဖွယ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ✪



ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် YBS ယာဉ်တစ်စီးကို တွေ့ရစဉ်။

## သန်လျင်-ကျောက်တန်း၊ တိုက်ကြီး၊ ဥက္ကံဘက်သို့ပြေးဆွဲနေသည့် YBS ယာဉ်လိုင်းအချို့ကို ယာဉ်စီးခ ကျပ် ၅၀၀ အထိ ကောက်ခံရန် ခွင့်ပြုထား

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန်လျင်-ကျောက်တန်း၊ တိုက်ကြီး၊ ဥက္ကံဘက်သို့ ပြေးဆွဲနေသည့် YBS ယာဉ်အချို့ကို ယာဉ်စီးခ ကျပ် ၅၀၀ အထိ ကောက်ခံခွင့်ပြုထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)မှ သိရသည်။

ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် YBS ယာဉ်လိုင်းအများစုမှာ ယာဉ်စီးခ ကျပ် ၄၀၀ ဖြစ်ပြီး ကတ်စနစ်ဖြင့် သို့မဟုတ် QR Code ဖြင့် YBS ယာဉ်စီးခ ငွေပေးချေပါက ကျပ် ၃၀၀ သာ ကုန်ကျမည်ဖြစ်ကြောင်း YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

"ယာဉ်စီးခ ကျပ် ၅၀၀ သတ်မှတ်တာက တိုက်ကြီးကားတွေ၊ ကျောက်တန်းလိုင်းတွေ၊ ဥက္ကံဘက်လိုင်းတွေ ကောက်ခွင့်ပြုထားပါတယ်။ ကျန်တဲ့ မြို့တွင်း အများစုကတော့ ကျပ် ၄၀၀ ပါ။ Card စနစ်နဲ့ QR Code စနစ်က ကျပ် ၃၀၀ ပါ"ဟု ၎င်းကပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


ယနေ့ ဖတ်စရာ

၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ စာမျက်နှာ » ၇

အကျိုးကျေးဇူးမျိုးစုံ ရရှိဖို့ စိုက်ပျိုးပြုစု ထိန်းသိမ်းစို့ ဆောင်းပါး စာမျက်နှာ » ၁၀



ရွှေဟောင်းရေကန်လေးကန်ကို စမ်းသပ်တူးဖော်သုတေသနပြုနေပြီး ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ပြီးပါက မူလအတိုင်း အများပြည်သူလေ့လာနိုင်ရန် ဆောင်ရွက်သွားမည် စာမျက်နှာ » ၁၂

ကြေးမုံ

# အခက်အခဲများကျော်လွှား စိုက်ပျိုးစီးပွားထွန်းကား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေး အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ရန် တိုင်းပြည်သာယာဝပြောရေးနှင့် နိုင်ငံတော်တွင် လူတစ်ဦးချင်းစီ၏ အခြေခံဝင်ငွေဖြင့်ပင် စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်မည့် စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်နေသည်။

တိုင်းပြည်သာယာဝပြောပြီး စားရေရိက္ခာပေါများရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်တွင်း၌ ထုတ်ကုန်များကို ပြည့်ဝစွာထုတ်လုပ်နိုင်ရေးဖြစ်သည်။ ထို့ကြောင့် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဒေသအသီးသီး၌ ပြည့်စုံလုံလောက်စွာဖြင့် ထုတ်လုပ်နိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများကို မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း စားရေရိက္ခာဖူလုံရေးအတွက် သီးထပ်စွမ်းအားမြှင့်တင်ရေးကို စဉ်ဆက်မပြတ် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးစွမ်းအားများ မြင့်မားလာပြီး ထုတ်ကုန်များတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကဦးစားပေး စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံဖြစ်သော်လည်း ရှေးကာလများအတွင်းက ဆန်ရေစပါး ရှားပါးပြတ်လပ်သည့် အခြေအနေများဖြစ်ပေါ်ခဲ့ဖူးသည်။ မှတ်တမ်းမှတ်ရာများအရ ၁၉၆၂–၁၉၆၃ ခုနှစ်ကာလတွင် စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ ၃၁ တင်းသာထွက်ရှိခဲ့ပြီး ၁၉၆၇–၁၉၆၈ ခုနှစ်ကာလက တစ်ဧကလျှင် ပျမ်းမျှ ၂၈ ဒသမ ၃ တင်းသာထွက်ရှိခဲ့သဖြင့် ပြည်သူများ စားရေရိက္ခာ အကျပ်အတည်းများဖြစ်ပေါ်ခဲ့ဖူးသည်။ ထိုသို့ဖြစ်ပေါ်ခဲ့ရခြင်းမှာ နိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်ဆိုးရွားမှုများကြောင့် စပါးအထွက်နှုန်းကျဆင်းပြီး ဆန်စပါးပြတ်လပ်မှုများနှင့်ကြုံတွေ့ခဲ့ရသည်။ ဒေသတွင်းနိုင်ငံများ၌လည်း အလားတူဖြစ်စဉ်မျိုးပေါ်ပေါက်ပြီး အကျပ်အတည်းများဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ယင်းဖြစ်စဉ်များကို သင်ခန်းစာယူပြီး ခေတ်အဆက်ဆက်တွင် စပါးအထွက်နှုန်း တိုးတက်ရေးကို အစိုးရအဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မျက်မှောက်ကာလတွင် ရာသီဥတုအခြေအနေနှင့်ဆီလျော်စွာ နည်းစနစ်တကျ ကြိုးပမ်းဆောင်ရွက်ခဲ့သောကြောင့် စိုက်ပျိုးစွမ်းအားများ ပြန်လည်မြင့်မားတိုးတက်လာခဲ့သည်။ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း အချက်(၄)ချက်ကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သောကြောင့် သီးထပ်စွမ်းအားများ တိုးတက်လာပြီး စိုက်ပျိုးစွမ်းအားများ မြင့်မားတိုးတက်ကာ စားရေရိက္ခာဖူလုံရေးကို ထိရောက်စွာဆောင်ရွက်လာနိုင်သည်။

“မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အောင်မြင်စွာ ထုတ်လုပ်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နိုင်ငံတကာတွင် စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကို အထောက်အကူပြုနိုင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ဝင်ငွေကိုလည်း တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာပေါများရေးကို အလေးထား ဆောင်ရွက်စေလိုကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၄)တွင် ပြောကြားခဲ့သည်။

ယခုအခါ ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကို ရှောင်ရှားနိုင်ခြင်းမပြုနိုင်သော်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်မှုများဖြင့် လျှော့ချနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို တွင်ကျယ်စွာလုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်များက တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ဆန်စပါးအပြင် ဆီထွက်သီးနှံများနှင့် ဝါဂွမ်းစိုက်ပျိုးထုတ်လုပ်ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ဆီထွက်သီးနှံများနှင့်ပတ်သက်၍ နှစ်စဉ်ပြည်ပမှ စားသုံးဆီများကို တင်သွင်းနေရသလို ပြည်တွင်းမှ ဆီထွက်သီးနှံထွက်ကုန်များကို ပြည်ပသို့တင်ပို့နေမှုများလည်းရှိသည်။ ဝါဂွမ်းကို ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း ပြည်ပမှချည်ထည်များ တင်သွင်းနေရမှုများရှိသည်။ ထို့ကြောင့် ဆီထွက်သီးနှံနှင့်ဝါဂွမ်းကို ပြည်တွင်း၌ အဆင့်မီစွာထုတ်လုပ်ကြရန် လိုအပ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေး တိုးတက်ကောင်းမွန်အောင် ပြည်တွင်း၌ ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များရှိပြီးဖြစ်သော်လည်း စီးပွားရေးပိတ်ဆို့မှု၊ ကုန်သွယ်ရေးလမ်းကြောင်းဟန့်တားမှု၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်ဆောင်ရွက်မှုများကြောင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးပိတ်ဆို့မှုအခက်အခဲများရှိနေခြင်းဖြစ်ပြီး အဆိုပါအခက်အခဲများကိုကျော်လွှားပြီး ပိုမိုကောင်းမွန်သော စိုက်ပျိုးစီးပွားများ ထွန်းကားလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ရွှေဟောင်းသမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီးအနေကဇာတင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



တွံတေး ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ ရွှေဟောင်းသမိုင်းဝင် ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ဆံကေသာဓာတုရွှေဆံတော်စေတီတော်မြတ်ကြီး ၂၅၉၃ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် တန်ခူးလပြည့်နေ့ ယနေ့နံနက် ၆ နာရီက ရွှေဆံတော် စေတီတော်မြတ်ရင်ပြင်၌ စေတီတော်ကြီးအား အနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခဲ့သည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်တွင် သံဃာတော် အရှင်သူမြတ် ၄၃၂ ပါးတို့က အရှေ့၊ အနောက်၊ တောင်၊ မြောက်မုခ်လေးမုခ်ရှိနေရာများတွင် တစ်နေရာ၌ သံဃာတော် ၁၀၈ ပါးတို့က စေတီတော်မြတ်ကြီးအား ဘုရားအနေကဇာတင်ပြီး သံဃာတော် အရှင်သူမြတ် ၄၃၂ ပါးအား အရုဏ်ဆွမ်းကပ်ကာ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများအား အလှူရှင်များက လောင်းလှူပူဇော်ခဲ့သည်။

ထို့နောက်ပဌာန်း၊ အရုဏ်ဆွမ်း၊ စတုဒိသာအလှူရှင် ကိုကျော်ထွန်းမင်း+မမိုးမိုးကျော် ရွှေယမုံမင်း စိန်ရွှေရတနာရောင်းဝယ်ရေးမိသားစု ရန်ကုန်မြို့မှ ဘုရားအနေကဇာတင် သံဃာတော်အရှင်သူမြတ် ၂၁၆ ပါးအတွက် တစ်ပါးလျှင် တစ်သောင်းကျပ်နှုန်းနှင့် ပဌာန်းပွဲ၊ အရုဏ်ဆွမ်းနှင့်စတုဒိသာအတွက် လှူဒါန်းပေးပြီး တန်ခူးလပြည့်နေ့နံနက် ၆ နာရီမှစတင်ကာ ဘုရားဖူးလာပြည်သူများအား ဆန်တစ်တင်းခွဲအိတ် ၁၅ အိတ်ချက်၍ သစ်သီးစုံချဉ်ရည်ဟင်းနှင့် ငါးပိချက်၊ တို့စရာများဖြင့် စတုဒိသာညွှေ့ခံ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **မျိုးလှိုင် (တွံတေး)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းများ သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကျင်းပ

ကော့သောင်း ဧပြီ ၂၃

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းသုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။ ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ ၂၂

## ကြော်ငြာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့) ပေးပို့နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃-၄-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၉,၀၀၀ | ၂၂၉ | ၂,၀၂၆,၂၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၄,၇၃၁ | ၁၃,၄၈၆,၃၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၂ | ၁၆,၀၀၀ |
| FPB | ၁,၄၅၀ | ၁,၅၀၀ | ၃,၃၅၆ | ၄,၈၇၁,၂၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၂၉ | ၄၈,၉၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၁၉ | ၈၇,၄၀၀ |
| MAEX | ၂,၁၀၀ | ၂,၀၅၀ | ၉၈ | ၂၀၅,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဝန်ထမ်းများနှင့် တွေ့ဆုံ



နေပြည်တော် မေ ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ် (၃) အစည်းအဝေးခန်းမ(၂)၌ ဝန်ကြီးဌာန၏ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နှစ်သစ်တွင် ရုံးလုပ်ငန်းတာဝန်များကို အားသစ်၊ မာန်သစ်၊ ခွန်အားအပြည့်ဖြင့် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခင်နှစ်က ကြုံတွေ့ခဲ့ရသည့် အားနည်းချက်၊ အားသာချက်များအပေါ် ပြန်လည်သုံးသပ်စိစစ်ပြီး ယခုဘဏ္ဍာနှစ်တွင် ပို့ကုန်လျာထားချက် ပြည့်မီကျော်လွန်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ကျင့်ဝတ်သိက္ခာနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် အခြားဝန်ကြီးဌာနများမှ ဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်ရာတွင် စံပြဆု သုံးဦး၊ ပထမဆု သုံးဦး၊ ဒုတိယဆု ငါးဦးနှင့် တတိယဆု တစ်ဦးရရှိသကဲ့သို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း အရည်အသွေးပြည့်ဝစွာဖြင့် ထူးချွန်အောင် ကြိုးစားဆောင်ရွက်သွားစေလိုပါကြောင်းနှင့် သင်တန်းများတွင် ထူးချွန်ပြီး စံပြဖြစ်ရုံသာမက လုပ်ငန်းခွင်တွင်လည်း စံပြဖြစ်အောင် ကြိုးစားသွားကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းမင်းက ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲသွားရန်လိုအပ်ပါကြောင်း၊ ပို့ကုန်/သွင်းကုန် မူဝါဒတစ်ခုတည်းကိုသာ မဟုတ်ဘဲ အခြားဆက်စပ်သည့် မူဝါဒများကိုပါ နားလည်သဘောပေါက်စေရန် လေ့လာသွားကြရမည်ဖြစ်ကြောင်းနှင့် ဦးစီးဌာနများအနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများ အောင်မြင်စွာပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားပြီး ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ **သန်လျင်-ကျောက်တန်းမှ**

ယင်းကဲ့သို့ ယာဉ်စီးခတိုးမြင့်လာသည့်အတွက် YBS ယာဉ် အသုံးပြုနေရသည့် အခြေခံလူတန်းစားများ အနေဖြင့် အဆင်မပြေမှုများ ရှိလာကြောင်း ခရီးသွားပြည်သူ တစ်ဦးက ပြောသည်။

"ကျွန်တော်တို့ဆို သန်လျင်ဘက်ကနေ မြို့ထဲဘက်သွားပြီး အလုပ်လုပ်ရတာ။ YBS နှစ်ဆင့်လောက်စီးရတာဆိုတော့ YBS ယာဉ်စီးခ အသွားအပြန် ငွေကျပ် ၂၀၀၀ လောက်ရှိတော့ တစ်လဆိုရင် ခရီးစရိတ်တင် ငွေကျပ် ၅၀၀၀၀၊ ၆၀၀၀၀ လောက်ကျနေပြီ။ အရင်ကတော့ ခရီးစဉ်လမ်းကြောင်းတစ်ခုကို ငွေကျပ် ၂၀၀၊ ၃၀၀ ပဲကျတာ" ဟု YBS ယာဉ်ကို အသုံးပြု၍ နေ့စဉ်အလုပ်အသွားအပြန်လုပ်နေသူတစ်ဦးက ပြောသည်။

YBS ကုမ္ပဏီ ၂၁ ခုမှ YBS ယာဉ်လိုင်း ၁၃၁ လိုင်းက ယာဉ်အစီးရေ ၃၈၀၀ ခန့်ဖြင့် ခရီးသည် ၁၅ သိန်းခန့်ကို ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်ထင်တာကတော့ ကတ်စနစ်ကို ပိုအသုံးများလာစေဖို့အတွက် လုပ်လာတယ်လို့ ထင်ပါတယ်။ ကတ်ဖြစ်ဖြစ်၊ QR ဖြစ်ဖြစ် သုံးစေချင်တယ်။ ဒါဆိုရင်တော့ ယာဉ်လိုင်းခ ဈေးမြင့်တက်တာကို ခံနိုင်တယ်။ အများစုကတော့ QR စနစ် နဲ့ ငွေချေတာထက် ကတ်စနစ်ကို ပိုသုံးလာတာ တွေ့တယ်။ တော်တော်လည်း အရေအတွက်များလာတယ်။ တစ်ခုပဲ ကတ်ဖြတ်ဖို့ စက်ပိတ်ထားရင် ပြင်းပြင်းထန်ထန် အရေးယူစေချင်တယ်" ဟု YBS နေ့စဉ် အသုံးပြုသူ ကုမ္ပဏီဝန်ထမ်း ကိုသန့်စင်က ပြောသည်။

**MT**

# သာစည်မြို့နယ် ကန်စွယ်ကျေးရွာပြည်သူများအား သောက်သုံးရေ လှူဒါန်း

သာစည် မေ ၂၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကပ်ကျေးအင်းကျေးရွာအုပ်စု ကန်စွယ်ကျေးရွာ၌ မေ ၂၃ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ သောက်သုံးရေ သွားရောက်လှူဒါန်းသည်။

ထိုသို့ ရေလှူဒါန်းပေးရာတွင် ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သွားရောက်လှူဒါန်းပေးခြင်းဖြစ်ပြီး အဆိုပါကျေးရွာ၌ အိမ်ခြေ ၇၀ ကျော်ရှိကြောင်း သိရသည်။ မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် နွေရာသီကာလ၌ ရေလိုအပ်၍ ဆက်သွယ်လာပါက ရေလှူဒါန်းပေးနိုင်ရန် ဆောင်ရွက်ထားပြီး ဖုန်း - ၀၆၄၂၀၆၉၃၃၁ နှင့် အရေးပေါ် ဖုန်း - ၁၉၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❂ **ရွှေဖုံးမှ**

အာဆီယံအမွေအနှစ် ဥယျာဉ်များကို ဘရူနိုင်းနိုင်ငံတွင် တစ်ခု၊ လာအိုနိုင်ငံတွင် တစ်ခု၊ ကမ္ဘောဒီးယားနိုင်ငံတွင် နှစ်ခု၊ စင်ကာပူနိုင်ငံတွင် နှစ်ခု၊ မလေးရှားနိုင်ငံတွင် သုံးခု၊ ထိုင်းနိုင်ငံတွင် ခြောက်ခု၊ အင်ဒိုနီးရှားနိုင်ငံတွင် ခုနစ်ခု၊ မြန်မာနိုင်ငံတွင် ရှစ်ခု၊ ဖိလစ်ပိုင်နိုင်ငံတွင် ကိုးခုနှင့် ဗီယက်နမ်နိုင်ငံတွင် ၁၀ ခုတို့ အသီးသီး ပိုင်ဆိုင်ထားကြပြီး အာဆီယံအသိုက်အဝန်းအနေဖြင့် အာဆီယံအမျိုးသားဥယျာဉ် ၄၉ ခုကို ပိုင်ဆိုင်ထားရာ ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းမှုကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းသည် လူ့စွမ်းအားအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုလည်း အထောက်အကူပြုလျက်ရှိသည်။

**ကမ္ဘာကြီးအတွက်ပါ အရေးပါ**

"ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဟာ ဇီဝမျိုးစုံမျိုးကွဲနဲ့ တောတောင်တွေရှင်သန်မှုအပေါ်မှာ မူတည်ပါတယ်။ အထူးသဖြင့် သဘာဝသယံဇာတတွေကို ထိန်းသိမ်းဦးဆောင်တဲ့ စိတ်လည်းလိုတယ်။ ထုတ်ယူသုံးစွဲတဲ့အဆင့်မှာဆိုရင် ဥပဒေ၊ နည်းဥပဒေကို လေးစားလိုက်နာပြီး စနစ်တကျ ထုတ်ယူသုံးစွဲမှုနဲ့ ပြန်လည်ထိန်းသိမ်းမှု၊ ဖြည့်စွက် ပျိုးထောင်မှုလည်း လိုပါတယ်။ အားလုံး ပူးပေါင်းဆောင်ရွက်မှုဟာ အဓိကပါ။ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသားဥယျာဉ်တွေဟာ အာဆီယံအတွက်သာမဟုတ်ပါဘူး။ ကမ္ဘာကြီးအတွက်ပါ အရေးပါပါတယ်။ သဘာဝထိန်းသိမ်းရေး နယ်မြေတွေကို ကာကွယ်စောင့်ရှောက်ရာမှာ Green Economy နဲ့ Blue Economy တိုက်ရိုက်အကျိုးပြုတဲ့အပြင် နိုင်ငံရဲ့ဘူမိရုပ်သွင်နဲ့ ရာသီဥတုမျှတမှုကိုလည်း အထောက်အကူပြုစေပါတယ်။ သဘာဝကိုအခြေခံတဲ့ ခရီးသွားလုပ်ငန်းဆိုရင် ခရီးသွားတွေဟာ အဏ္ဏဝါ၊ ကုန်းမြေနဲ့ ရေခဲတောင်တန်းတွေစတဲ့ စိတ်ဝင်စားမှု အမျိုးမျိုးရှိပါတယ်။ အဲဒီလိုခရီးစဉ်တွေထဲက စိတ်ဝင်စား ခံရတဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံလည်းပါတယ်။ မြန်မာနိုင်ငံဟာ သဘာဝကပေးထားတဲ့ အမွေအနှစ်တွေပြည့်နေတဲ့ နိုင်ငံတစ်နိုင်ငံဆိုရင်လည်း မမှားပါဘူး" ဟု လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အာဆီယံနိုင်ငံများနှင့် လက်တွဲ၍ ပူးပေါင်း ဆောင်ရွက်ခဲ့သည့် နည်းတူ ဒေသတွင်းရှိ အမျိုးသားဥယျာဉ်များနှင့် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကြွယ်ဝရေးကို NGOs အသင်းအဖွဲ့များ၊ ဒေသခံများနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် သိပ္ပံကြိုးဝိုင်း၊ အမျိုးသားဥယျာဉ်၊ အဏ္ဏဝါ အမျိုးသားဥယျာဉ်၊ သဘာဝကြိုးဝိုင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘူမိရုပ်သွင်ထူးသည့် နယ်မြေ၊ ဒေသအစုအဖွဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေတို့ဖြင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေ အမျိုးအစားများခွဲခြားကာ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု တည်ထောင်ထားရှိပြီး နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၄၂ ရာခိုင်နှုန်းအထိ သဘာဝထိန်းသိမ်းရေး နယ်မြေများအဖြစ် ဖော်ဆောင်ထားရှိသည်။

"နိုင်ငံတော် အနေနဲ့လည်း မူဝါဒ၊ ရည်မှန်းချက်တွေ ချမှတ်ဆောင်ရွက်နေတာ ရှိတယ်။ သစ်တောဆိုရင် နိုင်ငံ့ဧရိယာရဲ့ ၃၀ ရာခိုင်နှုန်း၊ ကြိုးဝိုင်းကြိုးပြင်တောတွေ ကာကွယ်ဖို့နဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေဆိုရင် နိုင်ငံ့ဧရိယာရဲ့ ၁၀ ရာခိုင်နှုန်း တည်ထောင်ဖို့ဆိုပြီး ရည်မှန်းချက်ထား ဆောင်ရွက်နေတာရှိတယ်။ သဘာဝထိန်းသိမ်းရေး နယ်မြေတွေကို တည်ထောင်ထားတာဆိုရင် ၆ ရာခိုင်နှုန်းကျော်ရှိနေပါပြီ။ အမျိုးသားဥယျာဉ်တွေ ရှင်သန်ဖွံ့ဖြိုးနေမယ်ဆိုရင် ခရီးသွားလုပ်ငန်းကို အထောက်အကူပြုတဲ့အပြင် ဒေသခံတွေလည်း အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာရရှိစေမှာပါ။ အာဆီယံနိုင်ငံတွေမှာ မြန်မာနိုင်ငံဟာ အမျိုးသားဥယျာဉ် တည်ထောင်ထားရှိမှု တတိယနေရာမှာ ရပ်တည်နေတာကြောင့် အဏ္ဏဝါဖြစ်စေ၊ ရေချိုအိုင်ဖြစ်စေ၊ သဘာဝဘေးမဲ့တောဖြစ်စေ၊ ရေခဲတောင်ဒေသဖြစ်စေ ရေရှည် တည်တံ့ဖို့အတွက် အားလုံးပူးပေါင်းထိန်းသိမ်းသွားဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံက အမျိုးသားဥယျာဉ်တွေဟာ ထိခိုက်မှုအနည်းဆုံးနဲ့ အဆင့်မှာရှိနေသေးလို့ပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

အာဆီယံ ဒေသအတွင်းရှိ သဘာဝထိန်းသိမ်းရေး နယ်မြေများ စီမံအုပ်ချုပ်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းတို့တွင် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် ဂေဟစနစ်၊ မျိုးစုံမျိုးကွဲ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ ထူးခြားစွာတည်ရှိသော သဘာဝထိန်းသိမ်းရေး နယ်မြေများကို အာဆီယံအမွေအနှစ်ဥယျာဉ်များ (ASEAN Heritage Parks – AHPs) အဖြစ် သတ်မှတ်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ - ဖွဲ့မာန်**



မြိတ်ကျွန်းစုရှိ မြင်းခွာပုံသဘာဝအပန်းဖြေနေရာတစ်ခုကို တွေ့ရစဉ်။

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကျောင်းများ ဇွန်လတွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ ကြိုတင်ပြင်ဆင်ထားကြပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ပေးကြရမည်



**နေပြည်တော် မေ ၂၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးများနှင့် တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မေ ၂၂ ရက်တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄) ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် လမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဇွန်လတွင် အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ သန့်ရှင်းသာယာလှပရေး၊ ကျောင်းဥပစာရပ်ကောင်းမွန်ရေးနှင့် ပရိဘောဂများ ပြည့်စုံကောင်းမွန်စေရေးအတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်းနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကျောင်းရှိ စာကြည့်တိုက်များတွင် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများရရှိစေမည့် အကျိုးရှိထိရောက်သော စာအုပ်စာတမ်းများ ဖြည့်ဆည်းဆောင်ရွက်ကြစေလိုပါကြောင်း၊ အခြေခံပညာကျောင်းများတွင် စာသင်ကြားရုံသာမက အားကစားချိန်တွင် အမှန်တကယ် အားကစားပြုလုပ်ကြရန်နှင့် ကျောင်းစာကြည့်တိုက်တွင် စာဖတ်ရန် အချိန်ဇယားတွင် ထည့်သွင်းရေးဆွဲကျင့်သုံးကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းများတွင် အားကစားပြိုင်ပွဲများ ကျင်းပပေးရန်နှင့် စုပေါင်းလုပ်ဆောင်သည့် အလေ့အကျင့်ကောင်းများ ရရှိရန်အတွက် အသင်းအဖွဲ့ဖြင့် ကစားရသည့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ လှေလှော်၊ ပြေးခုန်ပစ် အားကစားနည်းများ ကစားကြစေလိုပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့ ကျောင်းသား ကျောင်းသူများ အမှန်တကယ် ပညာတတ်စေရေး၊ ယဉ်ကျေးလိမ္မာ၍ အကျင့်စာရိတ္တ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ရှိသူများ ဖြစ်စေရေးအတွက် ပြုစုပျိုးထောင်သင်ကြားပေးကြရမည်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်တွင် အခြေခံပညာကျောင်းများတွင်သာမက တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်လည်း လူရည်ချွန်မောင်မယ်များ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ကို ကျင်းပသွားမည်ဖြစ်ရာ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲ ပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေအတွက်သာမက သင်ကြားသင်ယူမှုအရည်အသွေးကောင်းမွန်ရန် ကြိုးကြပ်ပေးရေးနှင့် ကုန်ထုတ်လုပ်မှုအထောက်အကူပြု MSME သင်တန်းများ၊ MSME သုတေသနများလုပ်ဆောင်ရေးအတွက် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ကြရန်၊ ပူပြင်းသောရာသီဥတုနှင့် မုန်တိုင်းအန္တရာယ်များကို သတိပြုဆောင်ရွက်ကြရန်၊ ဒီဇင်ဘာလတွင် အမျိုးသားအားကစားပြိုင်ပွဲကျင်းပမည်ဖြစ်၍ ကျောင်းတွင်းအားကစားပြိုင်ပွဲများကို စောစောကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန် မှာကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာကဏ္ဍရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အိမ်မဲမြို့နယ်၌ အခြေခံစာတတ်မြောက်ရေးစာသင်ဝိုင်းများသို့ အကျီများနှင့် ဦးထုပ်များ ထောက်ပံ့ပေးအပ်

**အိမ်မဲ မေ ၂၃**

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်းရှိ အခြေခံစာတတ်မြောက်ရေးစာသင်ဝိုင်းများတွင် သင်ကြားနေသော နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အကျီများနှင့် ဦးထုပ်များ ထောက်ပံ့ပေးပြီး အားပေးစကားများ ပြောကြားသည်။

ထိုကဲ့သို့ထောက်ပံ့ပြီး အားပေးစကားများ ပြောကြားရာ၌ အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကျော်ညွန့်ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သောအဖွဲ့က အခြေခံ စာတတ်မြောက်ရေး စာသင်ဝိုင်းများ သင်ကြားနေသော ရွှေဘိုစုကျေးရွာ၊ ကျုံကနိကျေးရွာ၊ ကညင်ကွင်းကျေးရွာ၊ ညောင်ကျိုးကျေးရွာများမှ နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးသော အကျီများနှင့် ဦးထုပ်များအား တစ်ဆင့်ပြန်လည်ထောက်ပံ့ပေးခဲ့ပြီး စာသင်ဝိုင်းများတွင် ကြုံတွေ့ရသော အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များအား မေးမြန်းဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ အိမ်မဲမြို့နယ်အတွင်း အခြေခံ စာတတ်မြောက်ရေး စာသင်ဝိုင်းများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက ဦးဆောင်၍ ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်သော အဖွဲ့လေးဖွဲ့ဖြင့် အကျီများနှင့် ဦးထုပ်များ ထောက်ပံ့ပေးပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

# ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် မေ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မဇာနန်းလှက ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့သည့် ဆင်ဖြူတော်(အထီး)လေး "ရဋ္ဌနန္ဒက" သည် နေပြည်တော်ရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**ကိုက်ညီ**

အဆိုပါဆင်ဖြူတော်လေးသည် မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိပြီး ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်း သဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာခုနစ်ချက်နှင့် ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

ယခုအခါ ဆင်ဖြူတော်လေးသည် အသက် ၁ နှစ် ၉ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၁ လက်မ ကိုယ်လုံး လုံးပတ် ၆ ပေ ၈ လက်မ၊ ကိုယ်အလေးချိန် ၁၂၉၃ ပေါင် ရှိလာကြောင်း၊ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Kseng Myanmar အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Kseng Myanmar စက်ရုံမှ အာမခံအလုပ်သမား ဦးရဲထွဋ်(ခ)ရဲထွဋ်အောင်သည် လုပ်ငန်းခွင်မှအပြန် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ဇနီးဖြစ်သူ ဒေါ်ခင်မာဦးကို ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၄၃၈၂၀၀၀ အား အလုပ်ဌာနမှ တာဝန်ရှိသူများရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သူများ၏ အတွေ့အကြုံများရှင်းလင်း



**နေပြည်တော် ဧပြီ ၂၃**

ပြည်ပနိုင်ငံများသို့ ကိုယ်စားလှယ်များအဖြစ် သွားရောက်၍ ရရှိခဲ့သည့် အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းအမှုထမ်းများ တက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်းအမှုထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် E-government ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်နှင့် လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၁၅)ကြိမ်မြောက် မကာအိုခရီးသွားလုပ်ငန်း အင်စတီကျူနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် ဆွေးနွေးပွဲနှင့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၃ သို့ တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ အတွေ့အကြုံများကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခြင်း၊ သိရှိလိုသည်များကိုမေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ အရည်အသွေးများ တိုးတက်လာစေရေး အတွက် ပြည်တွင်း/ ပြည်ပနိုင်ငံများရှိ သင်တန်း၊ အစည်းအဝေးများနှင့် နိုင်ငံတကာပြပွဲများသို့ စေလွှတ်တက်ရောက်စေလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် အခြေအနေများကို သိရှိနားလည်ကြရန် လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများမှ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို လေ့လာမှတ်သားပြီး မိမိနိုင်ငံနှင့် ကိုက်ညီမှု ရှိသည်များကို အကောင်အထည် ဖော်နိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နေပြည်တော်၌ မိုက်စ်(MICE) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက-အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍပုံရိပ်ကို နိုင်ငံတကာမှ ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရာတွင် အားလုံးဝိုင်းဝန်းကြိုးစားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် နွေရာသီအဆင့်မြင့်အားကစားသင်တန်းများ ဖွင့်လှစ်



**မြစ်ကြီးနား ဧပြီ ၂၃**

ကချင်ပြည်နယ် လူငယ်ရေးရာကော်မတီက ကြီးမှူး၍ ပြည်နယ်အားကစားဆပ်ကော်မတီအသီးသီးနှင့် ပူးပေါင်းဖွင့်လှစ်သည့် ကျောင်းသားလူငယ်များအတွက် အားကစားနည်း ၁၅ မျိုးဖြင့် ၂၀၂၄ ခုနှစ် နွေရာသီ အဆင့်မြင့်အားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၂ ရက် မွန်းလွဲ ၃ နာရီခွဲက ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

သင်တန်းများဖွင့်ပွဲတွင် ကချင်ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က လူငယ်များအား နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်သည့်အပြင် လူငယ်များ၏ကျင့်ဝတ်၊ လူ့တန်ဖိုး၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဦးဆောင်မှုအရည်အသွေးများ၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဓာတ်များ ပိုမိုမြင့်မားလာစေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နောင်တစ်ချိန်တွင် ကချင်ပြည်နယ်၏ ဂုဏ်ကို အားကစားနည်းဖြင့် မြှင့်တင်ပေးနိုင်မည့် အားကစားလူရည်ချွန်များ၊ ပြည်နယ်၏အနာဂတ်တွင် ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် စွမ်းရည်ပြည့်ဝသော လူတော်လူမော်များဖြစ်လာအောင် ပြုစုပျိုးထောင်မွေးထုတ်ပေးကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် မတ် ၁ ရက်မှ ဧပြီ ၇ ရက်အထိ ဖွင့်လှစ်ခဲ့သည့် နွေရာသီအားကစားသင်တန်းများအပြီး ထပ်မံ၍ ဆက်လက်ဖွင့်လှစ်သွားမည့် အဆင့်မြင့်အားကစားနည်း သင်တန်းများဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ တင်းနစ်၊ ဂျူဒို၊ ကရာတေးဒို၊ ဝူရှူး၊ Fitness Dance နှင့် အေရိုးဗစ်သင်တန်း၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ လက်ဝှေ့၊ ရိုးရာလက်ဝှေ့၊ ပိုက်ကျော်ခြင်းစသည့် အားကစားနည်းအလိုက် သရုပ်ပြသခဲ့ကြမှုကို ကြည့်ရှုအားပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က သရုပ်ပြသခဲ့သည့် အားကစားနည်းအလိုက် တာဝန်ရှိသူများအား ထောက်ပံ့ငွေကျပ် ၁၃ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မှော်ဘီခရိုင်၌ ၂၀၂၄-၂၀၂၅ စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**မှော်ဘီ ဧပြီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင်၏ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မှော်ဘီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။




ဦးစွာ မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မှော်ဘီခရိုင်အတွင်းပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ဘီလီယံပေါင်း ၅၀ ဒသမ ၉၄၈ တန်ဖိုးရှိ လုပ်ငန်းပေါင်း ၆၃ ခုနှင့် တိုင်းဒေသကြီးဘဏ္ဍာရေးရန်ပုံငွေဖြင့် ကျပ်ဘီလီယံပေါင်း ၃၃ ဒသမ ၄၄၅ တန်ဖိုးရှိလုပ်ငန်း ၂၁၇ ခုကို ရရှိခဲ့ပြီး မှော်ဘီမြို့နယ်အတွက် ကျပ်ဘီလီယံပေါင်း ၂၉ ဒသမ ၅၆၇ ဖြင့် လုပ်ငန်း ၁၆၇ ခု၊ ထန်းတပင်မြို့နယ်အတွက် ကျပ်ဘီလီယံပေါင်း ၅၄ ဒသမ ၂၆၈ ဖြင့် လုပ်ငန်း ၁၁၃ ခုရရှိကာ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ်ဘီလီယံ ၁၂၇၆ ဒသမ ၆၀၂ သန်း၊ တိုးတက်မှု ၃ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန်၊ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၁၉ ရာခိုင်နှုန်းဖြင့် ၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မှုရစေရန်၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၄၃ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မှုရစေရန်၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မှုရစေရန် ရည်မှန်းထားကြောင်း ပြောကြားသည်။

**အကောင်ထည်ဖော်**

ဆက်လက်၍ ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်များပေးအပ်ရာ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများအား ဒေသန္တရစီမံကိန်း တာဝန်များအား အကောင်ထည်ဖော် ဆောင်ရွက်နိုင်ရေး တာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

# သန်လျင်မြို့နယ်၌ နွေစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော စံပြစိုက်ခင်းရိတ်သိမ်းပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၂၃**

သန်လျင်မြို့နယ် ဘယက်ကျေးရွာတွင် တောင်သူဦးစံသိန်း၏ လယ်မြေ၌ စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော စံပြစိုက်ခင်းရိတ်သိမ်းပွဲကို ယနေ့နံနက်တွင် အဆိုပါလယ်မြေ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဒေသခံတောင်သူများအား သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက နွေစပါးမျိုးစေ့ချကိရိယာဖြင့် စပါးအထွက်နှုန်းတိုးတက်စေရေး တောင်သူများ ကြိုးပမ်းစိုက်ပျိုးသွားကြရန် ရှင်းလင်းဆွေးနွေးသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်မန်နေဂျာ ဒေါ်ခင်ခင်ပြုံးနှင့် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးခိုင်၊ သန်လျင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်တို့က စပါးမျိုးစေ့ချကိရိယာဖြင့် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော လယ်မြေအတွင်း စံကွက်တိုင်းတာခြင်းနှင့် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးကြသည်။

သန်လျင်မြို့နယ် ဘယက်ကျေးရွာ၌ စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော စံပြစိုက်ခင်းမှ နွေစပါး ၁၁၇ ဒသမ ၃၉ တင်း ထွက်ရှိကြောင်း သိရသည်။

**တင်ဝင်းတင်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဧပြီ ၂၃**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မေလမှာ မုန်တိုင်းဝင်ရောက်နိုင်ခြေရှိခြင်း ...

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ **ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)** ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

**(ယမန်နေ့မှအဆက်)**

မုန်တိုင်းဆိုသည်...

မုန်တိုင်းဆိုသည်မှာ အစိုးမရ၊ အလားတူမုန်တိုင်းမျိုး မေလတွင်လည်းကောင်း အောက်တိုဘာလ၊ နိုဝင်ဘာလတွင်လည်းကောင်း ဝင်လာမှာကိုစိုးရိမ်ခြင်းဖြစ်ပါတယ်။ ရာသီဥတု ပုံမှန်သဘာဝအရ ဆိုရင် မိုးနှောင်းမုန်တိုင်းတို့ဟာ မြန်မာနိုင်ငံအတွက် အန္တရာယ်ကြီးမားစွာမပြုနိုင်ဟု ဆက်စပ်ပြောဆိုခြင်းဖြစ်ပါတယ်။

ရာသီဥတုပြောင်းလဲခြင်း၊ မုန်တိုင်းကြီးငယ်ဖြစ်ပေါ်ခြင်း၊ မြေဆီလွှာခန်းခြောက်ခြင်း၊ သဲမုန်တိုင်းတိုက်ခြင်း၊ ရေလွှမ်းရေကြီးခြင်းတို့ရဲ့ နောက်ခံအကြောင်းတရားက ဘာလဲလို့မေးရင် သိပ္ပံပညာရှင်အပေါင်းက ကမ္ဘာကြီးပူနွေးလို့ပဲဆိုပြီး ထောက်ပြကြပါတယ်။ ကမ္ဘာကြီးပူနွေးရတဲ့အကြောင်းရင်းက ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကြောင့်ပဲ။ ပင်လယ်ရေမျက်နှာပြင်အထက် ရေခိုးရေငွေ့ဓာတ်များလာခြင်းစတဲ့ အဓိကအကြောင်းတရားတွေကြောင့် မုန်တိုင်း ကြီး၊ ငယ် ဖြစ်ပေါ်လာပါတယ်။




နှစ်ပေါင်း ၁၆၀ အတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်ကို သိပ္ပံနည်းကျ တိုင်းတာတဲ့ မှတ်တမ်းတွေအရ ၁၉၉၈ ခုနှစ် အပူချိန်အမြင့်ဆုံးကို ရောက်ခဲ့ပါတယ်။ ဒုတိယအပူချိန်အမြင့်ဆုံးဟာလည်း ၂၀၁၁ ခုနှစ် ဖြစ်ခဲ့ပါတယ်။ ကမ္ဘာ့အပူချိန်အမြင့်ဆုံးကိုရောက်ခဲ့တဲ့ ၁၀ နှစ်က နာဂစ်မတိုင်မီ လွန်ခဲ့တဲ့ ၁၂ နှစ်အတွင်းကဖြစ်ခဲ့တယ်လို့ မှတ်တမ်းတွေအရ တွေ့ရပါတယ်။ ၂၀၂၄ ခုနှစ် မတ်လဟာ အပူချိန်အမြင့်ဆုံးကို ရောက်ခဲ့တာ တွေ့ရပြန်တယ်။

အပူတွေ စုပ်ယူနိုင်တဲ့ ပစ္စည်းတွေကတော့ ဒြပ်ဝတ္ထုပစ္စည်းတွေ အားလုံးပါပဲ။ သို့သော် ကမ္ဘာမြေကို ရေက ၇၀ ရာခိုင်နှုန်းနဲ့ ဖုံးလွှမ်းထားတော့ ရေဟာ ဒီအပူတွေကို အများဆုံး သိုလှောင်သိမ်းနိုင်ပါတယ်။ မြောက်ဝင်ရိုးစွန်း၊ တောင်ဝင်ရိုးစွန်းက ရေခဲပြင်တွေကလည်း အပူကို စုပ်ပါတယ်၊ ပင်လယ်သမုဒ္ဒရာက ရေကလည်း အပူကိုစုပ်ယူထိန်းထားပါတယ်။ ပင်လယ်ရေဟာ အပူကို စုပ်ထားတဲ့အတွက် ပင်လယ်ရေမျက်နှာပြင်ရဲ့ အပူချိန်ဟာ မြင့်တက်ဖို့ရှိပါတယ်။ ရေဟာလည်း အလိုအလျောက်ကို အငွေ့ပြန်တဲ့သဘောရှိတော့ အပူချိန်မြင့်လာတာနဲ့ ရေခိုးရေငွေ့အဖြစ် လေထုဆီကို ပျံတက်သွားတဲ့သဘောဟာ သဘာဝတရားပါပဲ။

မုန်တိုင်းဆိုင်ရာ အခြေခံသိပ္ပံသဘောတရားတွေဟာ–

- မုန်တိုင်းပေါ်လာဖို့ ပင်လယ်ရေမျက်နှာပြင် အပူချိန်ဟာ ၂၆.၅°C ထက် မြင့်ပါတယ်။
- ပင်လယ်ရေမျက်နှာပြင်အထက် ရေခိုးရေငွေ့များလေ တိမ်တိုက်ဖြစ်ထွန်းမှုအားကောင်းလေ၊ မုန်တိုင်းဖြစ်နိုင်ခြေများလေ ပါပဲ။
- ရေပြင်လေတိုက်မှု ပုံသဏ္ဍာန်၊ ကောင်းကင်အမြင့်ပေ ၄၀၀၀၀ မှာရှိတဲ့ လေတိုက်မှုပုံသဏ္ဍာန်တို့ပေါ်မှာလည်း မုန်တိုင်းဖြစ်နိုင်ခြေဟာ မူတည်ပါတယ်။
- ပြင်းထန်တဲ့ မုန်တိုင်းတို့ဟာ ၄ နှစ်၊ ၈ နှစ် တစ်ကြိမ် ကြုံရတတ်တယ်ဆိုတဲ့အချက်ကို သတိပြုရပါလိမ့်မယ်။

နာဂစ်မုန်တိုင်းဟာ ဘင်္ဂလားပင်လယ်အော်ထဲမှာ ၂၀၀၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့က စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ အိန္ဒိယအရှေ့တောင်သို့မဟုတ် ဘင်္ဂလားဒေ့ရှ်ဘက်ဦးတည်တဲ့သဘော တွေ့ရပါတယ်။ မကြာခင်မှာ အားပျော့သွားခဲ့ပါတယ်။ မေလ ၁ ရက်နေ့မှာ ဆိုင်ကလုန်းနာဂစ်ဟာ အားပြန်ကောင်းလာကာ အရှေ့ဘက်ကို အရှိန်အဟုန်နဲ့ ဦးတည်လို့ မြန်မာနိုင်ငံတောင်ပိုင်း ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့ကို မေလ ၂ ရက်နေ့မှာ အဆင့် (၄) နဲ့ ဝင်ရောက်ခဲ့တာကို အားလုံးမှတ်မိကြပါလိမ့်မယ်။




ပုံမှာလည်း မုန်တိုင်းရဲ့ လမ်းကြောင်းကို ပြထားပါတယ်။ ဘိုလာမုန်တိုင်းလမ်းကြောင်းကိုလည်း လေ့လာနိုင်ဖို့ ယှဉ်တွဲပြထားပါတယ်။

ဒီလို မုန်တိုင်းကြီးတွေမှာ အပူစုပ်ယူထားတဲ့ ပင်လယ်ရေမျက်နှာပြင်က ရေမော်လီကျူးတွေ မြောက်မြားစွာပါဝင်ပါတယ်။ အပူစုပ်ယူနိုင်တဲ့ ဖန်လုံအိမ်အာနိသင်ရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေလည်း ပါလာမှာဖြစ်ပါတယ်။ ရေခိုးရေငွေ့ ၁၀၀ ရာခိုင်နှုန်းရှိခဲ့ရင် ကာဗွန်ဒိုင်အောက်ဆိုက်ဟာ ၃ ဒသမ ၆ ရာခိုင်နှုန်းအထိ ရေခိုးရေငွေ့နဲ့အတူ ပါဝင်နေပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြား ဘင်္ဂလားပင်လယ်အော်ရဲ့ကောင်းကင်မှာ တန်သန်းပေါင်း သန်းချီရှိနေတဲ့ ရေခိုးရေငွေ့နဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေဟာ **ဘိုလာဆိုင်ကလုန်းမုန်တိုင်း၊ နာဂစ်နဲ့ မိုခါမုန်တိုင်းတို့ကို** ဖန်တီးတယ်လို့ သိပ္ပံရှုထောင့်က ပြောရမှာဖြစ်ပါတယ်။

ရခိုင်ကမ်းရိုးတန်းကို မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့တာ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့က ဖြစ်ပါတယ်။ နာဂစ်မုန်တိုင်းဟာလည်း မေလ ၂ ရက်နေ့ ၂၀၀၈ ခုနှစ်က ဝင်ရောက်တိုက်ခတ်ခဲ့တာမို့ နာဂစ်မုန်တိုင်းကြီးနဲ့ မိုခါမုန်တိုင်းတို့ဟာ မေလမှာ ဝင်ရောက်တိုက်ခတ်ခဲ့တာ တွေ့ရပါတယ်။




၉၀ ရာခိုင်နှုန်းသော အဆောက်အအုံတွေရဲ့ခေါင်မိုးတွေလန်ထွက်ပျက်စီးမှုတွေရှိခဲ့ပြီး သောက်သုံးရေနဲ့ ကျန်းမာရေး၊ ဆေးဝါးတွေရရှိမှု အခက်အခဲတွေ့ရှိခဲ့ပါတယ်။ ဘူးသီးတောင်၊ မောင်တော၊ စစ်တွေမြို့တို့မှာရှိတဲ့ ကျန်းမာရေးအဆောက်အအုံတွေလည်း များစွာပျက်စီးခဲ့တယ်။ သောက်သုံးနိုင်တဲ့ ရေချိုအရင်းအမြစ် ၂၀၀ ကျော်ကို ပင်လယ်ဆားငန်ရေ စီးဝင်လွှမ်းသွားတာကြောင့် လူထုတစ်သိန်းဟာ သောက်သုံးရေ အခက်အခဲကြုံခဲ့ရတယ်။ ချင်းပြည်နယ်ထဲက အိမ်ထောင်စု ၇၀၀၊ မကွေးတိုင်းဒေသကြီးမှ အိမ်ထောင်စု ၄၈၀၀ နဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှ အိမ်ထောင်စု ၂၈၀၀ တို့ဟာ မုန်တိုင်းကြောင့် အပျက်အစီးကြီးမားခဲ့ပါတယ်။

ဝန်ကြီးဌာနအသီးသီးရဲ့ တာဝန်ရှိရှိပါဝင်မှု၊ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းတွေ၊ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ လူမှုရေးအသင်း




အဖွဲ့တွေရဲ့ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် အရေးကြုံလာရင် နိုင်ငံတော်အကြီးအကဲကအစ ပြည်ထောင်စုဖွား ညီနောင်သားချင်းတို့ရဲ့ ရိုင်းပင်းကူညီကြတဲ့ စိတ်ထားနဲ့ သဘာဝဘေးအန္တရာယ်၊ အဖျက်အန္တရာယ်ကို အချိန်တိုတိုအတွင်း ဖြတ်ကျော်နိုင်ခဲ့ပါတယ်။ ရခိုင်ကမ်းရိုးတန်းနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာ မုန်တိုင်းကြီး၊ ငယ်တို့ ကျရောက်ပြီဆိုရင် ပျက်စီးဆုံးရှုံးမှုတွေရှိမယ်။ လူပင်ပန်းစိတ်ပင်ပန်းရှိကြမယ်။ လူမှုရေးအဖွဲ့အစည်းတွေအလုပ်ရှုပ်ကြမယ်။ မုန်တိုင်းကြုံတိုင်း ဒီသံသရာကိုဖြတ်ကြရမှာဖြစ်ရာ တခြားနည်းလမ်းဘယ်လိုရှိတယ်ကို သိပ္ပံသုတေသီတို့ရဲ့ ရှုထောင့်နဲ့ ကြံစည်အားထုတ်မှုတို့ လိုလာမှာဖြစ်ပါတယ်။

**သိပ္ပံသုတေသီတို့၏ ရှုထောင့်**

ရေခိုးရေငွေ့နဲ့ ဒီကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ နှစ်မျိုးဟာ အပူကို စုပ်ပါတယ်။ ပြီးရင် အပေါ်ကိုမြင့်တက်လာပါတယ်။

- ရေဟာ ရေခဲ ၊ ရေ၊ ရေခိုးရေငွေ့ဆိုပြီး ရုပ်လက္ခဏာသုံးမျိုးနဲ့ နေပါတယ်။ ရေခဲက ရေ၊ ရေက ရေခိုးရေငွေ့အဖြစ် ပြောင်းလဲဖို့ အလားအလာဟာ ပိုရှိပါတယ်။
- စံအပူချိန်နဲ့ စံဖိအားမှာ ရေခဲဟာ ရေဖြစ်ဖို့များတယ်၊ ရေခဲဟာ ရေဖြစ်ဖို့ အလိုအလျောက်ပဲဖြစ်တယ်။ ရူပဓာတုဗေဒ သာမိုဒိုင်းနမစ် သဘောတရားအရ ပြောင်းလဲတဲ့ သဘာဝတရားကြီး တစ်ခု။ စံအပူချိန်နဲ့ စံဖိအားမှာ ရေဟာရေခဲ အလိုအလျောက် မဖြစ်။
- ရေကနေပြီး ရေခိုးရေငွေ့ဖြစ်ဖို့ နွေးပင်နွေးသော်လည်း ပြောင်းလဲနေတယ်ဆိုတဲ့ အင်ထရိုပီ (Entropy) မြင့်တဲ့သဘောလို့ သိပ္ပံက ရှင်းပြပါတယ်။

ဥပမာ ရေမွှေးပုလင်းကို အလုပြင်ခန်းထဲမှာ ဖွင့်ထားရင် အလိုအလျောက် ရေမွှေးနံ့တွေဟာ အခန်းအပြင်ကို ရောက်လာပါတယ်။ ဒူးရင်းသီးနံ့ဟာလည်း ဒီသဘောပဲ။ ဘာမှလုပ်ပေးစရာမလိုဘဲနဲ့ အနံ့ဟာ အပြင်ကို ရောက်လာတာဟာ အနံ့သင်းတဲ့ မော်လီကျူးတွေဟာ ကျယ်ပြန့်တဲ့ ဟင်းလင်းပြင်ထဲ ဖြန့်ကြက်လာတဲ့သဘောကို သိပ္ပံဝေါဟာရအရ အင်ထရိုပီမြင့်တယ်လို့ ခေါ်တာဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်မှာရှိတဲ့ ရေမော်လီကျူးတွေဟာလည်း ဒီသဘောပါပဲ။ အပူချိန်နဲ့ လေဖိအားအပေါ်မှာမူတည်ကာ ရေခိုးရေငွေ့ဖြစ်လာတာ ပိုပြီးမြန်ဆန်လာပါတယ်။

စာမျက်နှာ ၇ သို့ ❂

**❝ မုန်တိုင်းကြီးတွေမှာ အပူစုပ်ယူထားတဲ့ ပင်လယ်ရေမျက်နှာပြင်က ရေမော်လီကျူးတွေ မြောက်မြားစွာပါဝင်ပါတယ်။ အပူစုပ်ယူနိုင်တဲ့ ဖန်လုံအိမ်အာနိသင်ရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေလည်း ပါလာမှာဖြစ်ပါတယ်။ ရေခိုးရေငွေ့ ၁၀၀ ရာခိုင်နှုန်းရှိခဲ့ရင် ကာဗွန်ဒိုင်အောက်ဆိုက်ဟာ ၃ ဒသမ ၆ ရာခိုင်နှုန်းအထိ ရေခိုးရေငွေ့နဲ့အတူ ပါဝင်နေပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြား ဘင်္ဂလားပင်လယ်အော်ရဲ့ ကောင်းကင်မှာ တန်သန်းပေါင်း သန်းချီရှိနေတဲ့ ရေခိုးရေငွေ့နဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေဟာ ဘိုလာဆိုင်ကလုန်းမုန်တိုင်း၊ နာဂစ်နဲ့ မိုခါမုန်တိုင်းတို့ကို ဖန်တီးတယ်လို့ သိပ္ပံရှုထောင့်က ပြောရမှာဖြစ် ❞**

# ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၂၃

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို မေ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်း တန်းခွဲ(၁) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၉ ဦး၊ နေပြည်တော်စခန်း တန်းခွဲ(၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၅၅ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၇၀၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၄ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၂ ဦး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၁ ဦးနှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၅ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ)ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



မကွေးသင်တန်းစခန်း၌ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်လှစ်သင်ကြားစဉ်။

အလားတူ တပ်မတော်(လေ) အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅၀ တို့ကို ယနေ့တွင် အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်နှင့် RC/Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များအား သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





❂ စာမျက်နှာ ၆ မှ

ရေခိုးရေငွေ့ အခြေအနေမှာ ရေမော်လီကျူးတွေဟာ တစ်ခုနဲ့ တစ်ခု ဝေးကွာပြီး ကျယ်ပြန့်လာပါတယ်။ အပူစွမ်းအင်(Heat energy) ကနေ အရွေ့စွမ်းအင် (Kinetic Energy) အဖြစ် မုန်တိုင်းအတွင်း အပြောင်းအလဲဖြစ်ရာမှာ Entropy ကြောင့်ပဲ ဖြစ်ပါတယ်။ ရေငွေ့ဟာ ရေထက် အပူ (Heat) ကို စုပ်ထားပါတယ်။ အဲဒီအပူကို တုန်ခါခြင်း (Vibration, Oscillation) လှည့်လည်ခြင်းစတဲ့နည်းနဲ့ ရေငွေ့မှုန်များအတွင်း လွှဲပြောင်းပါတယ်။ ဒါကို Transference of heat within the fluid caused by the tendency of water vapor (Warmer material to rise လို့ ပြောတာဖြစ်ပါတယ်။ ပူတဲ့ ရေခိုးရေငွေ့တွေဟာ ပင်လယ်ရေမျက်နှာပြင် အောက်ခြေကနေ အပေါ်ကို အရှိန်နဲ့တက်လာပါတယ်။ ဒီလိုနဲ့ ရေခိုးတွေ တိမ်တိုက်တွေဟာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းသွားပါတယ်။ နာဂစ်ဆိုင်ကလုန်းဟာ ဘင်္ဂလားပင်လယ်အော် အပူပိုင်းဒေသမုန်တိုင်း (Tropical Storm) ဖြစ်ပြီး မေလ ၂ ရက်နေ့မှာ တစ်နာရီ ၂၁၅ ကီလိုမီတာနှုန်းနဲ့ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့ကို ဝင်ရောက်ခဲ့ပါတယ်။

ကောင်းပါပြီ…

အပူစုပ်ယူခြင်း၊ အပူဟာ မြင့်ရာမှ နိမ့်ရာသို့စီးခြင်း။ စနစ်ရဲ့ အင်ထရိုပီအပြောင်းအလဲ ($\Delta S_{System}$)၊ ပြင်ပအင်ထရိုပီ အပြောင်း အလဲ (($\Delta S_{Surrounding}$) နဲ့ စုစုပေါင်း အင်ထရိုပီအပြောင်းအလဲ ($\Delta S_{Total}$)၊ ထို့အပြင် စွမ်းအင်လွတ် (Free Energy) ဆိုတဲ့ သာမိုဒိုင်းနမစ်သဘောတရားတွေဟာမြင့်မားလှတာမို့ သတင်းစာဆောင်းပါးမှာ 'အကင်း'လောက်သာ ရှင်းပြနိုင်ပါတယ်။ မြန်မာ့ဆိုရိုးထဲမှာ 'ကြမ်းကြားလေဟာ အေးတယ်' ဆိုတဲ့ မြန်မာကြီးတွေနဲ့ သိပ္ပံအမြင်နဲ့ အလွန်နီးစပ်ပါတယ်။ ဒါကြောင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ဖို့ –

- စစ်တွေတက္ကသိုလ်၊ တောင်ကုတ်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်သုတေသီတို့က နက်နက်ရှိုင်းရှိုင်း ဆောင်ရွက်ကြရလိမ့်မယ်။
- ဒီလိုလုပ်ဆောင်ရာမှာ တက္ကသိုလ်တွေမှာ မိုးလေဝသတိုင်းတာရေးစခန်း တည်ထောင်ရပါမယ်။ တက္ကသိုလ်တွေမှာရှိတဲ့ University Research Centre တွေနဲ့ ပူးတွဲထားရပါမယ်။
- တက္ကသိုလ်တွေမှာ Community Development Centre တွေနဲ့ ချိတ်ထားရပါမယ်။
- မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနဲ့ ပူးတွဲလုပ်ဆောင်ကြပြီး ရူပဗေဒ၊ ဓာတုဗေဒ၊ ပထဝီဝင်ဌာနမှာ တာဝန်ထမ်းဆောင်တဲ့ ဆရာ ဆရာမတွေက မိုးလေဝသဆိုင်ရာ အချက်အလက်တွေကို တိုင်းတာခြင်း၊ လေ့လာခြင်း သုတေသနပြုခြင်းတို့ကို စဉ်ဆက်မပြတ် ပြုလုပ်ပြီး မှတ်တမ်းတွေပြုစုလေ့လာနေရပါလိမ့်မယ်။

ကမ်းရိုးတန်းဒေသမှာရှိတဲ့ တက္ကသိုလ်တွေကတော့ လေပြင်းမုန်တိုင်းနဲ့ စပ်လျဉ်းတဲ့အချက်အလက်တွေကို အလေးထားတိုင်းတာခြင်းတွေပြုကြပြီး မုန်တိုင်းမကျရောက်မီ ကာကွယ်နိုင်တဲ့ နည်းလမ်းတွေဖော်ထုတ်ကြရပါမယ်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နဲ့ ပြင်ဦးလွင်စစ်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့ကလည်း သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေး၊ ပတ်ဝန်းကျင်ရေရှည်ဖွံ့ဖြိုးရေးတို့အတွက် မျိုးဆက်သစ်သုတေသီတွေကို မွေးထုတ်ပေးရပါလိမ့်မယ်။ ဒီလို သုတေသနမျိုးလုပ်ဖို့အတွက် ပညာရှင်တွေလိုပါလိမ့်မယ်၊ ငွေကုန်ကြေးကျခံရပါလိမ့်မယ်။ အချိန်ပေးရပါလိမ့်မယ်။ အတွေ့အကြုံစုပေါင်းကြရပါလိမ့်မယ်။

ရည်မှန်းချက်ပန်းတိုင်ကတော့ အန္တရာယ်ကြီးမားတဲ့ မုန်တိုင်းကိုတောင် အကျိုးဖြစ်ထွန်းအောင် သုတေသနတွေပြုကြဖို့ မုန်တိုင်းရဲ့ အဖျက်စွမ်းအားကို ဘယ်လိုနည်းလမ်းနဲ့ အပြုစွမ်းအားအဖြစ် ပြောင်းလဲသွားစေဖို့ ကြံစည်အားထုတ်ရမှာဖြစ်ပါတယ်။ ပညာရှင်အသီးသီးက လေ့လာကြဖို့နဲ့ နိုင်ငံတော်က ကြီးကြပ်သုတေသနပြုဖို့အထိပင် ရောက်လာနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက်



နေပြည်တော် မေ ၂၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက လူရည်ချွန်မောင်မယ်များအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများ၊ အပန်းဖြေစခန်းများ သွားရောက်လေ့လာရာတွင် ဒေသန္တရဗဟုသုတများ၊ အတွေ့အကြုံများကို လေ့လာမှတ်သားခဲ့ပြီး အခြားကျောင်းသား ကျောင်းသူများအား ပြန်လည်မျှဝေပေးစေလိုကြောင်း၊ လူရည်ချွန်မောင်မယ်များနှင့်အတူ လိုက်ပါကြီးကြပ်ကြမည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့တာဝန်ယူရမည့် လူရည်ချွန်စခန်းများအလိုက် လူရည်ချွန် ကျောင်းသားကျောင်းသူများအား ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ အစစအရာရာ ဘေးကင်းလုံခြုံစေရေးတို့ကို အလေးထားကြီးကြပ် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်သူများက တစ်ဦးချင်းဂါရဝပြု မိတ်ဆက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်သူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာမတစ်ဦးတို့က လက်ခံရယူကြပြီး လူရည်ချွန်မောင်မယ်များကိုယ်စား လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် လူရည်ချွန်မောင်မယ်များ၊ ကြီးကြပ်ဆရာ ဆရာမများနှင့်အတူ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး လူရည်ချွန်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် လူရည်ချွန်စုရပ်စခန်းအသီးသီးသို့သွားရောက်မည့် ရန်ကုန်တိုင်းဒေသကြီးမှ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲ ကျင်းပ




နေပြည်တော် မေ ၂၃

၂၀၂၄ ခုနှစ် လူရည်ချွန်စုရပ်စခန်းအသီးသီးသို့ သွားရောက်မည့် ရန်ကုန်တိုင်းဒေသကြီးမှ လူရည်ချွန် မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူရည်ချွန်မောင်မယ်များနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်မှ လူရည်ချွန်မောင်မယ်များ ပြည်နယ်ဝန်ကြီးချုပ်ထံ ဩဝါဒခံယူပွဲ ကျင်းပ

တောင်ကြီး မေ ၂၃

နေပြည်တော်စုရပ်စခန်းသို့ သွားရောက်မည့် ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်မှ လူရည်ချွန်မောင်မယ်များသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူခြင်းကို ယနေ့ ညနေ ၃ နာရီက တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည်။

## ရည်ရွယ်ချက်ကို သိရှိရန်လို

ဩဝါဒခံယူပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လူရည်ချွန်မောင်မယ်များအား လေ့လာရေးခရီးစဉ်များကို စီစဉ်ပြီး လေ့လာစေလိုသည့် ရည်ရွယ်ချက်ကို သိရှိရန်လိုအပ်ပါကြောင်း၊ ရည်ရွယ်ချက်များကို သိရှိမှသာ လေ့လာရေးခရီးစဉ်တွင် ပိုမိုတန်ဖိုးရှိပြီး အကျိုးများစွာရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လူရည်ချွန်မောင်မယ်များသည် ဒေသန္တရဗဟုသုတများကို စိတ်ဝင်တစားလေ့လာမှတ်သားခဲ့ကြရန်၊ ဒေသအသီးသီး၏ ဓလေ့ထုံးတမ်းစဉ်လာများကိုလည်း စိတ်ဝင်စားစေချင်ကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးမှလာရောက်ပြီး ဆုံတွေ့ကြရသည့် လူရည်ချွန်အချင်းချင်း မိတ်ဆွေများဖြစ်ပြီး ရင်းနှီးခင်မင်မှုများရကြသည့်အတွက် အဖိုးမဖြတ်နိုင်သည့် ခရီးစဉ်များဖြစ်ပြီး တိုင်းရင်းသားများ သွေးစည်းညီညွတ်ကြရန်၊ ချစ်ခင်ရင်းနှီးရန်၊ တစ်ယောက်နှင့်တစ်ယောက် ဖေးမကူညီပြီး မောင်နှမရင်းပမာ နေထိုင်သွားကြရန်၊ မိမိပြည်နယ်၏ ရိုးရာဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်သူများအား ငွေကျပ် ၈၅ သိန်း ဂုဏ်ပြုချီးမြှင့်ပေးရာ ပြည်နယ်ပညာရေး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်၊ လူရည်ချွန်မောင်မယ်များက လက်ခံရယူပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ရှမ်းပြည်နယ် အမျိုးသမီးရေးရာနာယကက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း ပေးအပ်ရာ လူရည်ချွန်မောင်မယ်များက လက်ခံရယူ၍ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မုံရွာမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုပွဲကျင်းပ

မုံရွာ မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် ၁၉၈၁ ခုနှစ် သတ္တမတန်းနှင့် ၁၉၈၃ ခုနှစ် နဝမတန်း လူရည်ချွန်နှစ်ထပ်ကွမ်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းထိုက်နှင့် ၁၉၈၅ ခုနှစ် ရန်ကုန်တက္ကသိုလ် စတုတ္ထနှစ်သစ်တောပညာလူရည်ချွန် တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းအောင်တို့က လူရည်ချွန်အတွေ့အကြုံများအား ပြောကြားကြပြီး လူရည်ချွန်မောင်မယ်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာ ဆရာမများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က လူရည်ချွန်မောင်မယ်များအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များကိုယ်စား နှစ်ထပ်ကွမ်းလူရည်ချွန် မမြင့်မြတ်ကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ တာဝန်ရှိသူများ၊ လူရည်ချွန်မောင်မယ်များနှင့် နံနက်စာများ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

# လူရည်ချွန်စခန်းများသို့ သွားရောက်မည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ထောက်ပံ့ငွေများပေးအပ်

ပဲခူး ဧပြီ ၂၃

လူရည်ချွန် စခန်းများသို့ သွားရောက်မည့် လူရည်ချွန် ကျောင်းသား ကျောင်းသူများက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းထံမှ သြဝါဒခံယူပွဲကို ပဲခူးမြို့ တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဧပြီ ၂၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး အတွင်းမှ ဘက်စုံထူးချွန် လူရည်ချွန်ကျောင်းသား ကျောင်းသူများက တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုကြသည်။




## ပြောကြား

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ ဘက်စုံထူးချွန် လူရည်ချွန် ကျောင်းသား ကျောင်းသူများ ထွက်ပေါ်လာရခြင်းဖြစ်ကြောင်း၊ လူရည်ချွန်မောင်/မယ်များအနေဖြင့် သက်ဆိုင်ရာ လူရည်ချွန်စခန်းများသို့ ရောက်သည့်အခါ တစ်ဦးနှင့်တစ်ဦး နားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီဖေးမမှု၊ အပြန်အလှန်မှီခိုအားထားယုံကြည်မှု စသည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများဖြင့် လက်တွဲပူးပေါင်း ဆောင်ရွက်ရမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်နှင့်အညီ ကျင့်ကြံနေထိုင်ပြောဆို ဆောင်ရွက်သွားကြစေလိုကြောင်းနှင့် နိုင်ငံ့သားကောင်း ရတနာများ သမီးကောင်းရတနာများ ဖြစ်အောင် ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

## ထောက်ပံ့ပေးအပ်

ယင်းနောက် လူရည်ချွန်စခန်းအသီးသီးသို့ သွားရောက်မည့် ပဲခူးတိုင်းဒေသကြီး ဂုဏ်ဆောင် လူရည်ချွန်ကျောင်းသားကျောင်းသူများနှင့် ကြီးကြပ် ဆရာ ဆရာမ စုစုပေါင်း ၅၆ ဦးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထောက်ပံ့ငွေကျပ် ၅၆ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့ရာ ကျောင်းသားတစ်ဦးက ဂါရဝပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် အမှတ်တရ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြပြီး သက်ဆိုင်ရာ လူရည်ချွန် စခန်းအသီးသီးသို့ ထွက်ခွာမည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများအား လက်ပြနှုတ်ဆက်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အတွင်းမှ အခြေခံပညာ အထက်တန်းကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဘက်စုံထူးချွန် လူရည်ချွန် ကျောင်းသား ကျောင်းသူ ၄၈ ဦး၊ ကြီးကြပ်ဆရာရှစ်ဦးအား ပုဂံ၊ တောင်ကြီး၊ ချောင်းသာနှင့် ငွေဆောင် လူရည်ချွန်စခန်းအသီးသီးသို့ ဧပြီ ၂၃ ရက် နံနက်ပိုင်းမှ စတင်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## သားကောင်း လူရည်ချွန်

❖ ဗလ ငါးတန်
ပြည့်စေရန်
ရည်သန် ဆန္ဒမွန်။
❖ ပညာ ပြည့်ဝ
နှလုံးလှ
အာဂ လူ့တံခွန်။
❖ တိုင်းပြည် လူမျိုး
ဘုံအကျိုး
ဆတိုး ထမ်းကျေပွန်။
❖ မြင့်မြတ် မြန်မာ
တည်ဖို့ရာ
ညီညာ ဒို့တာဝန်။
❖ လူတော် လူကောင်း
အားသစ်လောင်း
သားကောင်း လူရည်ချွန်။ ။

မျိုးမြတ်မြတ်မြင့်မောင်

(နိုင်ငံ့သားကောင်း လူရည်ချွန်မောင်မယ်များသို့ ဂုဏ်ပြုလျက်)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပုဂံ၊ အင်းလေး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် လူရည်ချွန်များအား တွေ့ဆုံအားပေး

မန္တလေး ဧပြီ ၂၃

ပုဂံ၊ အင်းလေး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး မြို့နယ်များမှ လူရည်ချွန်မောင်မယ်အဖြစ် ထိုက်ထိုက်တန်တန် ရွေးချယ်ခြင်းခံခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ လူရည်ချွန်စခန်း(စုရပ်)မန္တလေး (အမှတ်-၁၆၊ အခြေခံပညာအထက်တန်းကျောင်း)တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကြီးကြပ်ဆရာ ဆရာမများ၊ စခန်းတာဝန်ခံများနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ်အတွက် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု လူရည်ချွန်မောင်မယ်များအဖြစ် ထိုက်တန်စွာရွေးချယ်ခြင်းခံခဲ့ရသည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများကို လှိုက်လှဲစွာဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်က လူငယ်မောင်မယ်များကို လူရည်ချွန်လူရည်မွန်များဖြစ်လာစေရန်၊ ကျန်းမာသန်စွမ်းသော ကိုယ်ကာယ၊ ကောင်းမြတ်သောအကျင့်စာရိတ္တတို့နှင့် ပြည့်စုံစေပြီး အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ၊ စံနမူနာကောင်းများ ရရှိလာစေရန်၊ အမျိုးသားယဉ်ကျေးမှုထုံးတမ်းဓလေ့များကို နှစ်သက်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်အတွက် ပြုစုပျိုးထောင်ပေးနေပါကြောင်း၊ အပန်းဖြေစခန်းအသီးသီးသို့ သွားရောက်ကြမည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်ကြရန် လိုအပ်ပါကြောင်း၊ စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာ၍ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားစွာ ဆောင်ရွက်ပြီး ဘက်စုံအရည်အသွေးများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊ လူရည်ချွန်ထပ်ကွမ်းလူငယ်များဖြစ်အောင် ပိုမိုကြိုးစားသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေများ ချီးမြှင့်ရာ လူရည်ချွန်သုံးထပ်ကွမ်းရရှိသူ Grade-12 ကျောင်းသား မောင်သိန်းတိုးအောင်က ကျေးဇူးတင်စကားပြောကြားပြီး လူရည်ချွန်များနှင့်အတူ စုပေါင်းမှတ်ပုံတင်ဓာတ်ပုံရိုက်၍ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ခဲ့သည်။

ယင်းနောက် အဆိုပါကျောင်းတွင် သုံးထပ်စာသင်ဆောင်ဖွင့်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း၊ လူရည်ချွန်စခန်း(စုရပ်)မန္တလေး (အမှတ်-၁၆၊ အခြေခံပညာအထက်တန်းကျောင်း)၌ ကချင်ပြည်နယ်အပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ Grade-9၊ Grade-10၊ Grade-11၊ Grade-12 တို့မှ လူရည်ချွန်ကျောင်းသားကျောင်းသူ ၉၆ ဦး ခေတ္တတည်းခိုနေထိုင်ပြီး နေပြည်တော်မှတစ်ဆင့် ပုဂံ၊ အင်းလေး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

★ မြန်မာအသင်းမှ

ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲနှစ်ခုကို ယခုကျင်းပမည့်ရက်ထက်စော၍ ကျင်းပရန် စီစဉ်ထားသော်လည်း နောက်ဆုတ်ခဲ့ခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲနှစ်ခုအတွက် အုပ်စုမဲခွဲပွဲကို မကြာမီပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က ကိုင်တွယ်နေပြီး ပဏာမကစားသမား ၃၀ ကျော်ဖြင့် စခန်းဝင်လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ယခုနှစ်ဆန်းပိုင်းကတည်းက စတင်လေ့ကျင့်ပြင်ဆင်ခဲ့ပြီး မတ်လအတွင်း ပြည်တွင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာ ယူ-၁၆ အမျိုးသားအသင်းကိုမူ နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား မိတမီချီယုက ကိုင်တွယ်နေပြီး ပဏာမလူစာရင်းကို မကြာမီအတည်ပြုထုတ်ပြန်မည်ဖြစ်သည်။ မြန်မာ ယူ-၁၆ နှင့် ယူ-၁၉ အမျိုးသားအသင်းသည် ယခုနှစ်အတွင်း အာဆီယံပြိုင်ပွဲအပြင် အာရှဖလားခြေစစ်ပွဲများလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဧပြီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

# အကျိုးကျေးဇူးမျိုးစုံရရှိဖို့ စိုက်ပျိုးပြုစုထိန်းသိမ်းစို့

သစ်တောမောင်



### သစ်တောသစ်ပင် အကျိုးကျေးဇူးစုံလင်

သစ်ပင်စိုက်ပျိုးခြင်းသည် ရွှေတိုက်၊ ငွေတိုက်ကို ပိုင်စိုးရသကဲ့သို့ အကျိုးကျေးဇူးအမျိုးမျိုးကို ရရှိခံစားနိုင်ပြီး သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများက သက်ရှိလောကအတွက် အလွန်ပင်အရေးပါလှသည်။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် မျက်မှောက်ခေတ်လူသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး အနာဂတ်မျိုးဆက်များ၏ စွမ်းဆောင်ရည်ကိုလည်း မလျော့ပါးစေသည့် ဖွံ့ဖြိုးတိုးတက်မှုမျိုးဖြစ်စေရန် အထူးအရေးကြီးလှပါသည်။ စီးပွားရေးသက်သက် ဖွံ့ဖြိုးတိုးတက်စေရန်ထက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစသည့် အပြန်အလှန်ဆက်စပ်နေသော ဘက်စုံကဏ္ဍစုံ တစ်ပြေးညီ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းကို ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သစ်တောထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်ခြင်းနှင့် ဒီရေတောအပါအဝင် သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းစဉ်များသည် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို တိုးပွားစေ၍ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ ဖော်ဆောင်နိုင်ပါသည်။ သစ်တောများမှ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှု၊ ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးရှိပြီး အောက်ဖော်ပြပါအတိုင်း အမျိုးအစားခွဲခြားဖော်ပြကြပါသည် –

**ထောက်ပံ့မှုဆိုင်ရာဝန်ဆောင်မှုများ (Provisional Services)**

- သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ မှို၊ ဆေးဖက်ဝင်ပင်များ၊ ဖာလာ၊ ခနီ၊ သက်ငယ်၊ ရှားစေး၊ သစ်ခွများ အပါအဝင် သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ မျိုးရိုးဗီဇ အရင်းအမြစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ စားရေရိက္ခာများ စသည့် ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ၊

**ပတ်ဝန်းကျင် ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှုများ (Regulating Services)**

- ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်း၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ခြင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းခြင်းနှင့် သန့်စင်ခြင်း၊ လေကောင်းလေသန့်ရရှိစေခြင်း၊ မြေတိုက်စားမှု မြေပြိုမှုများမှ ကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်း၊ ပိုးမွှားကျရောက်မှုများမှ ကာကွယ်ခြင်း၊ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ဖန်တီးပေးခြင်း စသည့် ဝန်ဆောင်မှုများ၊

**ယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ (Cultural and Spiritual Services)**

- အရိပ်နားခို၍ အပန်းဖြေနိုင်ခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပပြီး မျက်စိပသာဒဖြစ်စေခြင်း၊ ယုံကြည်မှု ကိုးကွယ်မှုများအတွက် အထောက်အပံ့ပြုခြင်း၊ ရိုးရာဓလေ့များနှင့် ဆက်နွယ်ခြင်း၊ တန်ဖိုးထားမှုနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ဖြစ်စေခြင်းစသည့် ဝန်ဆောင်မှုများ၊

**ဝန်ဆောင်မှုလုပ်ငန်းများအား အထောက်အကူပေးသည့် ဝန်ဆောင်မှုများ (Supporting Services)၊**

- မြေဆီအာဟာရ ဖြစ်ပေါ်မှုဖြစ်စဉ်များ၊ မြေဆီလွှာဖြစ်ပေါ်လာမှုဖြစ်စဉ်များ၊ မြေဆီလွှာထိန်းသိမ်းခြင်း ဖြစ်စဉ်အဆင့်ဆင့် အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများအား ချိတ်ဆက်ပေါင်းစပ်ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများ၊

သစ်ပင်သစ်တောများက ထောက်ပံ့သော အကျိုးကျေးဇူးများကား များပြားလှပါသည်။ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများကို တိုးပွားစေ၍ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးအမျိုးမျိုးကို ဖော်ဆောင်ပေးနိုင်သဖြင့် လူတိုင်း၊ လူတိုင်း တစ်နိုင်တစ်ပိုင်၊ တစ်အုပ်တစ်မ စိုက်ပျိုးခြင်းမှအစပြု၍ မိမိတို့စွမ်းဆောင်နိုင်သလောက် သစ်ပင်များ စိုက်ပျိုးသင့်ပါသည်။

### ရာသီဥတုမျှတဖို့

**"ဥတုရာသီ၊ တောကိုမှီ"** ဆိုသကဲ့သို့ သစ်ပင် သစ်တောများသည် ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိပေးပါသည်၊ လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ စုပ်ယူသိုလှောင် ဖယ်ရှားပေးခြင်း၊ သက်ရှိတို့အတွက် မရှိမဖြစ်လိုအပ်သော အောက်ဆီဂျင်ပြန်လည်ထုတ်ပေးခြင်းဖြင့် အရေးကြီးသော ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်း၊ ရာသီဥတုနှင့် သဟဇာတဖြစ်စေရန် ထိန်းညှိခြင်းတို့ကို သစ်တောများမှ ဆောင်ရွက်ပေးပါသည်။ ရာသီဥတု မျှတကောင်းမွန်ခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အပါအဝင် ဆက်စပ်လျက်ရှိသော လုပ်ငန်းများ အဆင်ပြေကောင်းမွန်အောင် ပံ့ပိုးပေးသည့်အတွက် ဆက်စပ်လုပ်ငန်းကဏ္ဍအသီးသီးကလည်း သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းကို လုပ်ငန်းကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကဏ္ဍအလိုက် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

### ရွှေပင်ငွေခက်၊ တောမှထွက်၏

သစ်တောများမှ ရွှေပင်၊ ငွေခက်များ ရသကဲ့သို့ တင်စားပြောဆိုခြင်းဖြစ်သည်။ သစ်တောများမှ အဖိုးတန် သစ်အမျိုးမျိုး၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ ပျားရည်၊ မှို၊ ချိတ်၊ ငှက်သိုက်၊ ဆေးဖက်ဝင်ပင် စသည့် သစ်တောထွက်ပစ္စည်းများကို ရရှိပါသည်။ မိမိတို့ အိမ်၊ အဆောက်အအုံ၊ ပရိဘောဂအမျိုးမျိုးနှင့် လယ်ယာသုံးသစ်များကို သစ်ပင်သစ်တောများမှရရှိပါသည်။ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူသုံးစွဲခြင်း၊ စုဆောင်းရောင်းချခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားစေသည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေသည်။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေပါသည်။ သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ရရှိစေရန် စနစ်တကျ ထိန်းသိမ်းစီမံအုပ်ချုပ်ပြီး ထုတ်ယူသုံးစွဲကြရမည်ဖြစ်ပါသည်။

### သစ်ပင်စိုက်ပျိုး အလှတိုး

ပတ်ဝန်းကျင် သာယာစေဖို့၊ မျက်စိပသာဒဖြစ်စေဖို့၊ ရာသီဥတုမျှတစေဖို့ သစ်ပင်စိုက်ပျိုးခြင်းသည် အကောင်းဆုံး၊ ကုန်ကျစရိတ် အသက်သာဆုံး၊ အလွယ်ကူဆုံး၊ အရိုးရှင်းဆုံးသော လုပ်ငန်းတစ်ခုဖြစ်သည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး၊ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သော လုပ်ငန်းတစ်ခုဖြစ်သည်။ အလှအပ မျက်စိပသာဒ ကောင်းမွန်စေပါသည်။ လမ်းဘေးဝဲယာတွင် စိုက်ပျိုးခြင်းဖြင့် စိမ်းစိမ်းစိုစိုအပင်များတွင် ဖြူ၊ နီ၊ ဝါ၊ ပြာ၊ ခရမ်း အရောင်မျိုးစုံ၊ ပန်းမျိုးစုံတို့ ဖူးပွင့်ဝေဆာပြီး ရှုမငြီးနိုင်အောင် မျက်စိပသာဒဖြစ်ရပါသည်။

**"နွေ ထနောင်း၊ ဆောင်း မန်ကျည်း"** ဟု ဆိုရိုးရှိသည်နှင့်အညီ အညာဒေသများတွင် နွေအပူဒဏ်ခံနိုင်စေရန် ထနောင်းပင်များ၊ မန်ကျည်းပင်များကို လမ်းဘေးဝဲယာများ၊ အိမ်ခြံကွက်လပ်များ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများတွင် စိုက်ပျိုးကြပါသည်။ ရောင်စုံပန်းများ ဖူးပွင့်သောအပင်များ မဟုတ်သော်လည်း အညာဒေသ၏ ဒေသခံပြည်သူများအတွက် နွေ၊ မိုး၊ ဆောင်း နားခိုရာအပင်များဖြစ်သဖြင့် အထူးတန်ဖိုးထားကြသည့် အပင်များဖြစ်ပါသည်။ ထို့ကြောင့်လည်း **"သစ်ပင်စိုက်လျှင် တို့ဝန်းကျင်၊ စိမ်းစိုလှပကြည်နူးရ၏"** ဟု ဆိုခြင်းဖြစ်ပါသည်။ ကျေးရွာများနှင့် မြို့ပြများ၊ လမ်းဘေးဝဲယာနှင့် ကွက်လပ်များတွင် သစ်ပင်များ စိုက်ပျိုးခြင်းသည် မျက်စိပသာဒလှပစေရုံသာမက သန့်ရှင်းလတ်ဆတ်သော လေများရရှိပြီး အပူချိန်ကိုလည်း လျှော့ချပေးနိုင်သဖြင့် မိမိတို့ ကျေးရွာ၊ ရပ်ကွက်အလိုက် အလှတိုးစေရန် သစ်ပင်များ စိုက်ပျိုးသင့်ပါသည်။

### စားရေရိက္ခာဖူလုံဖို့ စားပင်သီးပင် စိုက်ပျိုးစို့

အရိပ်ရသော အပင်များကို စိုက်ပါက အရိပ်ရပါသည်။ အသီးစားရသော အပင်စိုက်ပျိုးပါက အသီးစားကြရပါသည်။ သစ်၊ ထင်းအတွက်ရည်ရွယ်ပြီးစိုက်က အချိန်တန်လျှင် သစ်၊ တိုင်၊ မျော၊ ထင်းတို့ကို ရရှိနိုင်မည်ဖြစ်ပါသည်။ မိမိကျေးရွာ၊ အိမ်ခြံ၊ လယ်ယာပတ်လည်တွင် ရာသီအလိုက် သီးနှံများ စိုက်ပျိုးခြင်း၊ သရက်၊ ပိန္နဲ၊ ထောပတ်၊ မာလကာ၊ သဘော်၊ သီး၊ ဥသျှစ်၊ ဆီး၊ မရန်း စသည့် မိမိအရပ်ဒေသနှင့်ကိုက်ညီသည့် စားပင်သီးပင်များ စိုက်ပျိုးခြင်းဖြင့် မိမိတို့စားသုံးနိုင်ရုံသာမက မိတ်ဆွေများ၊ ရပ်ဆွေရပ်မျိုးများ လက်ဆောင်ပေးနိုင်ခြင်း၊ ပိုလျှံသော သီးနှံများ ရောင်းချခြင်းဖြင့် ဝင်ငွေတိုးပွားနိုင်ပါသည်။ မိမိအိမ်၊ လယ်ယာ၊ ကျေးရွာ၊ ရပ်ကွက် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သည့်အပြင် ရာသီအလိုက် သီးပွင့်လာသည့် အသီး၊ အရွက်၊ အညွန့် တို့ကိုလည်း စားသုံးကြရပြီး စားရေရိက္ခာဖူလုံစေပါသည်။ နွယ်၊ မြက်၊ သစ်ပင် ဆေးဖက်ဝင် ဆိုသကဲ့သို့ အပင်ကြီးငယ် ချုံ၊ နွယ်မရွေး သူ့နေရာနှင့်သူ အသုံးဝင်ပြီး ပတ်ဝန်းကျင်အတွက် အကျိုးများသဖြင့် နည်းများမဆို စိုက်ပျိုးသင့်လှပါသည်။

### စွမ်းအင်လည်းရ၊ ပြည်လည်းလှ

လူတိုင်း အိမ်ထောင်စုတိုင်း၊ မိသားစုတိုင်း အစားအစာ ချက်ပြုတ်ကြော်လှော်ရန်၊ အနွေးဓာတ်၊ အပူဓာတ်ရရှိရန် ထင်း၊ မီးသွေးလောင်စာများကို အားပြုကြရသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လျှပ်စစ်၊ ဂက်စ်၊ ဆိုလာ စသည့်စွမ်းအင်များလုံလုံလောက်လောက် သုံးစွဲနိုင်ရန် အကန့်အသတ်ရှိသဖြင့် မိရိုးဖလာ အစဉ်အလာအရ သုံးစွဲခဲ့သော ထင်း၊ မီးသွေး လောင်စာများကိုပင် အသုံးပြုကြရသည်။

စာမျက်နှာ ၁၁ သို့ ✻

> ❝ မိမိကျေးရွာ၊ အိမ်ခြံ၊ လယ်ယာပတ်လည်တွင် ရာသီအလိုက် သီးနှံများစိုက်ပျိုးခြင်း၊ သရက်၊ ပိန္နဲ၊ ထောပတ်၊ မာလကာ၊ သဘော်၊ သီး၊ ဥသျှစ်၊ ဆီး၊ မရန်း စသည့် မိမိအရပ်ဒေသနှင့် ကိုက်ညီသည့် စားပင်သီးပင်များ စိုက်ပျိုးခြင်းဖြင့် မိမိတို့စားသုံးနိုင်ရုံသာမက မိတ်ဆွေများ၊ ရပ်ဆွေရပ်မျိုးများ လက်ဆောင်ပေးနိုင်ခြင်း၊ ပိုလျှံသောသီးနှံများ ရောင်းချခြင်းဖြင့် ဝင်ငွေတိုးပွားနိုင်ပါသည်။ မိမိအိမ်၊ လယ်ယာ၊ ကျေးရွာ၊ ရပ်ကွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သည့်အပြင် ရာသီအလိုက် သီးပွင့်လာသည့် အသီး၊ အရွက်၊ အညွန့် တို့ကိုလည်း စားသုံးကြရပြီး စားရေရိက္ခာဖူလုံစေပါသည်။ နွယ်၊ မြက်၊ သစ်ပင် ဆေးဖက်ဝင် ဆိုသကဲ့သို့ အပင်ကြီးငယ် ချုံ၊ နွယ်မရွေး သူ့နေရာနှင့်သူ အသုံးဝင်ပြီး ပတ်ဝန်းကျင်အတွက် အကျိုးများသဖြင့် နည်းများမဆို စိုက်ပျိုးသင့် ❞





✻ စာမျက်နှာ ၁၀ မှ

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး နေ့စဉ် ချက်ပြုတ်စားသောက်ရန်အတွက် ထင်း၊ မီးသွေးကို အဓိကလောင်စာအဖြစ် သုံးစွဲနေကြရသည်။ မြန်မာနိုင်ငံ ကျေးလက်နှင့် မြို့ပြဒေသနေ ပြည်သူအများစုအတွက် နှစ်စဉ် ထင်းလိုအပ်ချက် ကုဗတန် ၁၆ ဒသမ ၅၃ သန်းခန့်ရှိပြီး ကျေးလက်နှင့် မြို့ပြနေပြည်သူများ၏ ထင်း၊ မီးသွေးသုံးစွဲမှုသည် စုစုပေါင်း စွမ်းအင်သုံးစွဲမှုပမာဏ၏ ၇၆ ဒသမ ၄၁ ရာခိုင်နှုန်းအထိ ရှိပါသည်။

**"သစ်တောသစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ"** စကားသည် လက်တွေ့ကျလှသည်။ ထင်းလောင်စာရရှိရေး သဘာဝတောများကိုသာ အားကိုးအားထားမပြုဘဲ လောင်စာစွမ်းအင်ဖူလုံဖို့ သစ်ပင်များ စိုက်ပျိုးဖို့ လိုအပ်ပါသည်။ မိမိတို့ကိုယ်တိုင် လယ်ယာ၊ အိမ်ဝင်းခြံနှင့် ခြံစည်းရိုးများတွင် စိုက်ပျိုးထုတ်လုပ်နိုင်ပါသည်။ ကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ထင်း၊ မီးသွေး၊ ဇီဝဒြပ်ထု လောင်စာစွမ်းအင်များ ရရှိနိုင်ပြီး သစ်တောပြုန်းတီးမှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**ရေကြည်ချမ်းမြ သစ်တောမှရ**

ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်မှုအတွက် အခြေခံအကျဆုံး သဘာဝ အရင်းအမြစ်တစ်ခုဖြစ်သည်။ အဖိုးမဖြတ်နိုင်သည့် သဘာဝသယံဇာတဖြစ်သည်။ ထို့ကြောင့် **"ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်"** ဟု ဆိုကြ၏။ **"ရွှေကိုမလို၊ ရေကိုသာလိုသည်"** ဟု ဆိုကြသည်။ ရေသယံဇာတသည် သစ်ပင်သစ်တောများမှ အထောက်အပံ့ပြုသည့် အလွန်အဖိုးတန်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတစ်ခုဖြစ်သည်။

သစ်တောများရှိမှသာ သဘာဝရေဦးရေထွက်များ၊ စိမ့်ရေစမ်းရေများ ရရှိနိုင်သည်။ သစ်တောများ ပြုန်းတီးခြင်းကြောင့် သဘာဝရေထွက်များ၊ စိမ့်ရေစမ်းရေများ ခန်းခြောက်ပျောက်ကွယ်ကြရသည်။ သစ်တောများ ဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများနှင့် ရေတိမ်ဒေသများသည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးလျက်ရှိပြီး ကမ္ဘာ့ရေချိုပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။ ကမ္ဘာ့အကြီးဆုံး မြို့တော်ကြီးများ၏ သုံးပုံတစ်ပုံသည် ၎င်းတို့အတွက် လိုအပ်သည့်သောက်သုံးရေ ရာခိုင်နှုန်းအများစုကို သစ်တောများ ဖုံးလွှမ်းနေသည့် သဘာဝနယ်မြေများမှ ရရှိခြင်းဖြစ်သည်။ သစ်တောများသည် သဘာဝ ရေသန့်စက်ကြီးများသဖွယ် ဖြစ်၍ မြေဆီလွှာတိုက်စားခြင်း၊ ရေတိမ်ဒေသများ၊ ကန်များ၊ မြစ်များ၊ ချောင်းများနှင့် အင်းများအတွင်း အနည်ကျမှုများ၊ ညစ်ညမ်းမှုများကို လျှော့ချပေးနိုင်ခြင်းဖြင့် လူနှင့်သက်ရှိများကို အကျိုးပြုလျက်ရှိသဖြင့် ရေဝေရေလဲသစ်တောများ ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။

**ဇီဝမျိုးစုံ၊ တောမှာစုံ**

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ အပင်နှင့်တိရစ္ဆာန်မျိုးရင်းမျိုးစိတ်များ၊ ဇီဝမျိုးအရင်းအမြစ်များ ၎င်းတို့အချင်းချင်း အပြန်အလှန် ဆက်စပ်မှုများဖြစ်ပါသည်။ သက်ရှိများရှင်သန်ဖို့ အပင်၊ တိရစ္ဆာန် ဇီဝမျိုးစုံမျိုးကွဲတို့ အပြန်အလှန် အမှီသဟဲပြုကြရပါသည်။ လူသားများ ရှင်သန်ရပ်တည်ရေးအတွက်လိုအပ်သော အစားအစာ၊ ဆေးဝါး၊ နေရာထိုင်ခင်း၊ အဝတ်အစားတို့အတွက် ဇီဝမျိုးစုံမျိုးကွဲများက ထောက်ပံ့ပေးပါသည်။ သစ်ပင်၏ အရွက်၊ အသီး၊ အခေါက်၊ အမြစ်စသည့် အစိတ်အပိုင်းများကို အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ နေထိုင်စရာတို့အဖြစ် ဖန်တီးထုတ်လုပ်ပေးပါသည်။ အပင်မျိုးရင်းမျိုးစိတ်အမျိုးမျိုး၊ အသား၊ ငါးအမျိုးမျိုးတို့ကို စားသောက်ပြီး လူသားများရှင်သန်ကြရပါသည်။

ကျေးငှက်၊ တိရစ္ဆာန်များက အပင်ဇီဝမျိုးစုံကြွယ်ဝရန် ဝတ်မှုန်ကူးခြင်း၊ သစ်ဥသစ်ဖု သစ်စေ့များကို စားသောက်ပြီး သစ်စေ့များကို နေရာဒေသအသီးသီးသို့ ဖြန့်ကြက်သယ်ဆောင်ပေးခြင်းဖြင့် ကူညီပေးကြသည်။ ဒီရေတောများသည် ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေနေသတ္တဝါများအတွက် နေရင်းဒေသ၊ သားပေါက်ပျော်မွေ့ရာနေရာ ဖြစ်ပါသည်။ **"သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားခို"** ဆိုသကဲ့သို့ သစ်ပင်များဖြင့် ဖွဲ့စည်းထားသည့် တောတောင်စိမ့်စမ်းများသည် တောရိုင်းတိရစ္ဆာန် ဇီဝမျိုးစုံတို့အတွက် ပျော်မွေ့ရာ၊ ကျင်လည်ကျက်စားရာ နေရာဒေသများဖြစ်ပါသည်။ ကြွယ်ဝသည့် ဇီဝမျိုးစုံမျိုးကွဲများကို သစ်ပင်သစ်တောပေါများထူထပ်ရာတွင် စုံစုံလင်လင် တွေ့နိုင်သဖြင့် သစ်ပင်သစ်တောများကို ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ် လျှော့ပါးဖို့**

သစ်ပင်သစ်တောများသည် လေပြင်းမုန်တိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မြေပြိုမှု၊ မြေတိုက်စားမှုများကို အကာအကွယ်ပေးနိုင်ပါသည်။ သစ်ပင်သစ်တောများ၊ ဒီရေတောများကြောင့် မြစ်ချောင်းနှင့် ကမ်းရိုးတန်းတစ်လျှောက် ကျေးရွာ၊ ရပ်ကွက်မြို့ရွာများ၊ မြို့များ လေဒဏ်၊ မိုးဒဏ်၊ လှိုင်းဒဏ် လျော့ပါးသက်သာစေပါသည်။ သည်းထန်သည့် မိုးရေများကို သစ်မြစ်များက စုပ်ယူထိန်းသိမ်းထားပြီး ရေကို တဖြည်းဖြည်းချင်းလွှတ်ထုတ်သဖြင့် ရေကြီးမှုကို လျော့နည်းစေပါသည်။ ကမ်းရိုးတန်းများ တည်ငြိမ်စေပါသည်။ အနည်အနှစ် အစိုင်အခဲများကို စစ်ထုတ်ပေးခြင်းဖြင့် ရေကို သန့်စင်ကြည်လင်စေပါသည်။

သစ်မြစ်များက မြေစိုင်မြေခဲ မြေသားများကို ရစ်ပတ်တုပ်နှောင်ထားသောကြောင့် မြေပြိုခြင်း၊ ကမ်းပါးပြိုခြင်း၊ မြေဆီလွှာ ရေတိုက်စားခြင်းတို့ကို ကာကွယ်ပေးပါသည်။ သစ်ပင် သစ်တောများကြောင့် လူသားနှင့် သက်ရှိတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမှ အကာအကွယ်ပေးနိုင်ခဲ့သည့် သာဓကများစွာရှိခဲ့ပါသည်။ ထို့ကြောင့် သစ်တောသစ်ပင်များကို **"သဘာဝ အစိမ်းရောင် တံတိုင်းကြီးများ"** ဟု တင်စားခေါ်ဝေါ်ကြပြီး ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးသည့် သဘာဝကို အခြေခံသောနည်းလမ်း (Nature-based Solution) တစ်ရပ်အဖြစ် ကျယ်ပြန့်စွာ အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

**ထာဝရကုသိုလ် ရရှိလို**

သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရကုသိုလ်ပြုခြင်းလည်းမည်၏။ ထာဝရကုသိုလ်ခြောက်ပါးဆိုသည်မှာ ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်များ စိုက်ပျိုးလှူဒါန်းခြင်း (အာရာမရောပဒါန)၊ အရိပ်ရအပင် စားသုံးပင် စသော သစ်ပင်ကြီးငယ်တို့ကို စိုက်ပျိုးလှူဒါန်းခြင်း (ဝန ရောပါ ဒါန)၊ တံတားခင်း လမ်းဖောက်လှူဒါန်းခြင်း (သေတုကာရကဒါန)၊ ရေချမ်းစင်တည်၍ လှူဒါန်းခြင်း (ပပါဒါန)၊ ရေတွင်းရေကန် ရေမြောင်းများတူး၍ လှူဒါန်းခြင်း(ဥပဒါန)၊ ဇရပ်တန်ဆောင်း ဂူကျောင်းပြာသာဒ် နားနေရိပ်သာ ဆေးရုံဆေးခန်း စသော အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း (ဥပဿယဒါန) တို့ဖြစ်ပြီး သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရကုသိုလ်တစ်ပါးအဖြစ် ပါဝင်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း ဂူကျောင်းပြာသာဒ်နှင့် အခြား ထာဝရကုသိုလ်များကဲ့သို့ တူညီသော ကုသိုလ်ကို ရရှိခံစားနိုင်မည်ဖြစ်သဖြင့် ကုသိုလ်ရေးရှုထောင့်မှ ကြည့်လျှင်လည်း သစ်ပင်စိုက်ပျိုးခြင်းသည် အလွန်အကျိုးကျေးဇူးများသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

**အကျိုးကျေးဇူးမျိုးစုံရရှိဖို့၊ စိုက်ပျိုးပြုစုထိန်းသိမ်းစို့**

သစ်ပင်စိုက်ရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်ဖို့ အလွန်အရေးကြီးလှပါသည်။ သစ်စေ့မှ ပျိုးပင်တစ်ပင် ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီးစိုက်ထုတ်ခဲ့ရသည်။ ပတ်ဝန်းကျင်၊ ရေ၊ မြေ၊ ဒေသအနေအထားနှင့် သဟဇာတဖြစ်သော သစ်မျိုးများဖြစ်ရန် လိုအပ်ပါသည်။ ဒေသမျိုးရင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့် အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည်ဖြင့် ရည်ရွယ်ချက်ချမှတ်ပြီး နေရာဒေသအလိုက် စနစ်တကျ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။ သဘာဝဘေး အန္တရာယ် တားဆီးကာကွယ်နိုင်ရန် ကမ်းရိုးတန်းဒေသများတွင် ဒီရေတောသစ်မျိုးများ စိုက်ပျိုးရာတွင်လည်း ဒီရေအဝင်အထွက်ရှိသည့် နေရာဖြစ်ရန်လိုအပ်ပြီး ရာသီဥတု၊ ဒီရေအတက်အကျ၊ ဆားငန်ရေရရှိမှု၊ မြေဆီလွှာအခြေအနေနှင့် ကိုက်ညီသည့် သစ်မျိုးများ ရွေးချယ်စိုက်ပျိုးကြရမည်ဖြစ်ပါသည်။

သစ်ပင်ရှင်သန်အောင် စိုက်ပျိုးခြင်းသည် လွယ်ကူသော်လည်းကြီးအောင်ပြုစုရန်၊ မြဲအောင်ထိန်းသိမ်းရန် ခက်ခဲပါသည်။ အပင်တိုင်းအပင်တိုင်းကို တန်ဖိုးထားလျက် စတင်စိုက်ပျိုးခြင်းမှသည် ကြီးပြင်းသည်အထိ ရေလောင်းခြင်း၊ ပေါင်းရှင်းခြင်း၊ မီးကာကွယ်ခြင်း၊ သေပင်ဖာထေးခြင်း၊ ကျွဲ၊ နွား၊ ဆိတ် စသည့် တိရစ္ဆာန်များ ဖျက်ဆီးမှုမရှိစေရေး ကာကွယ်ခြင်း လုပ်ငန်းများကို ရာသီအလိုက် လုပ်ဆောင်မှသာ စိုက်ပျိုးပြီးအပင်များကို ကြီးအောင်ပြုစုနိုင်လိမ့်မည်၊ မြဲအောင်ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ သို့မှသာ သစ်ပင်များက ပေးစွမ်းသော အကျိုးကျေးဇူးမျိုးစုံကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ မကြာမီ လာမည့် မိုးရာသီအကြိုနှင့် မိုးရာသီကာလများတွင် မြေဆီစိုခိုက် သစ်ပင်စိုက်ပျိုးနိုင်ရန် အပင်မျိုးမှန်၊ နည်းစနစ်မှန်၊ အချိန်မှန်၊ ပြုစုစောင့်ရှောက်မှု မှန်ကန်စွာစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြပါစို့ဟု နှိုးဆော်တင်ပြလိုက်ပါသည်။ ။

❖ **သစ်ပင်စိုက်ရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်ဖို့ အလွန်အရေးကြီးလှပါသည်။ ပတ်ဝန်းကျင်၊ ရေ၊ မြေ၊ ဒေသအနေအထားနှင့် သဟဇာတဖြစ်သော သစ်မျိုးများဖြစ်ရန် လိုအပ်ပါသည်။ ဒေသမျိုးရင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့် အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည်ဖြင့် ရည်ရွယ်ချက်ချမှတ်ပြီး နေရာဒေသအလိုက် စနစ်တကျ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်နိုင်မည်**

❖ **သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း ဂူကျောင်းပြာသာဒ်နှင့် အခြား ထာဝရကုသိုလ်များကဲ့သို့ တူညီသောကုသိုလ်ကို ရရှိခံစားနိုင်မည်ဖြစ်သဖြင့် ကုသိုလ်ရေးရှုထောင့်မှကြည့်လျှင်လည်း သစ်ပင်စိုက်ပျိုးခြင်းသည် အလွန်အကျိုးကျေးဇူးများသော လုပ်ငန်းတစ်ရပ်ဖြစ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် မေ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂-၅-၂၀၂၄ ရက်နေ့မှ ၇-၆-၂၀၂၄ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိအောက်ပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည် -

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့ အနောက်ကွင်း၊ ထားဝယ်မြို့၊
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**



## ကျိုင်းတုံမြို့၌ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပြိုင်ပွဲ ကျင်းပ

**ကျိုင်းတုံ မေ ၂၃**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျိုင်းတုံခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပြိုင်ပွဲကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ ကျင်းပသည်။

အဆိုပါ ခရိုင်အဆင့်ပြိုင်ပွဲတွင် မူးယစ်ရန်စွယ် အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ၊ မူးယစ်ဆေးဝါးကာကွယ်ရေး အသိပညာမြှင့်တင်ပေး၊ ဉာဏ်ရည်လဲရှုံး လူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ် စသည့်ခေါင်းစဉ်များဖြင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပြိုင်ပွဲကို ကျိုင်းတုံခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူ ၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်နေမှုအား ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အတွင်းရေးမှူး ရဲမှူးကြီးအေးသိန်း၊ အမှတ်(၇)မူးယစ်တပ်ဖွဲ့ခွဲ(ကျိုင်းတုံ)မှ ဒုတိယရဲမှူးကြီး သန်းအောင်၊ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးရန်နောင်စိုး၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ရှေးဟောင်းရေကန်လေးကန်ကို စမ်းသပ်တူးဖော်သုတေသနပြုနေပြီး ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ပြီးပါက မူလအတိုင်း အများပြည်သူလေ့လာနိုင်ရန် ဆောင်ရွက်သွားမည်

**ရန်ကုန် မေ ၂၃**

ရှေးဟောင်းရေကန်လေးကန်ကို စမ်းသပ်တူးဖော်သုတေသနပြုနေပြီး ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်ပြီးနောက် မူလအတိုင်း အများပြည်သူလေ့လာနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောသည်။



သန်းစင်ကြယ်ရွာရှိ အလံပုဂံရေကန်။

**တွေ့ရှိထား**

ပုဂံခေတ်ကပင် အသုံးပြုခဲ့ပြီး ရှေးဟောင်းအုတ်များဖြင့် ဖန်တီးထားသည့်ရှေးဟောင်းရေကန်လေးကန်ကိုတွေ့ရှိထားရာ လက်ရှိတွင် ရေကန်၏ မူလအကျယ်၊ ကန်အနက် စသည်တို့ကို စမ်းသပ်တူးဖော်သုတေသန လုပ်ဆောင်နေပြီး ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်

"ရှေးဟောင်း ရေကန်ပုံစံတွေ ထွက်လာတဲ့ အဟောင်းလေးခုလောက်ရှိတယ်။ အခုကတော့ ရေကန်အကျယ်အဝန်း၊ ရေဘယ်လောက်ရှိလဲ၊ အောက်က ရေကန်အနက်က ဘယ်လောက်ရှိလဲ အဲဒါတွေကို ပဏာမ စမ်းသပ်တူးဖော်မှုတွေ လုပ်နေတာပါ။ အဲဒါတွေ သိရပြီးတော့မှ ရေကန်တွေ ဆက်ပြီးတော့ ဖြည်းဖြည်းချင်းဆယ်ပြီး သုတေသနလုပ်နေတာပါ။ ပြီးရင် ဆက်တူးမှာပါ။ ဖြည်းဖြည်းချင်း သုတေသနသဘောအတိုင်းတူးပြီး ထိန်းသိမ်းရေးလုပ်ငန်းလုပ်သွားမှာပါ။ ကျွန်တော်တို့အခုလုပ်နေတာက အုတ်ကန်၊ ရွာဟောင်းကြီးကန်၊ ဖွားစောဆုတောင်းပြည့်ကန်၊ ရေတောင်မုနိကန်တွေ ဖြစ်ပါတယ်။ ရှေးဟောင်းရေကန်တွေကို တူးဖော်သုတေသနပြုပြီး နဂိုအတိုင်းပြန်ရရင်တော့ ကျွန်တော်တို့က ထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်ပြီး သူ့ရဲ့မူလပုံစံအတိုင်း အများပြည်သူ လေ့လာလို့ရတဲ့ နေရာမျိုး ဖန်တီးသွားပါမယ်" ဟု ၎င်းက ပြောသည်။

လက်ရှိ ဆောင်ရွက်နေသည့် ရေကန်အကျယ်အဝန်းနှင့် ရေကန်အနက်တို့ကိုသိရှိပြီးမှ ဆက်လက်တူးဖော် သုတေသနပြုရမည်ဖြစ်ပြီး ပြီးစီးမည့်အချိန် ကြိုတင်တွက်ချက်၍ မရကြောင်းနှင့် အဆိုပါ ရေကန်များမှာလည်း ပုဂံခေတ် ရှေးဟောင်းအုတ်များဖြင့် တည်ဆောက်ထားသည့် ရှေးဟောင်းရေကန်များ ဖြစ်သည့်အတွက် လုပ်ငန်းစဉ်ကို အလျင်စလို ဆောင်ရွက်၍ မရကြောင်း ဦးကျော်မျိုးဝင်းက ပြောသည်။

**ဆောင်ရွက်နေ**

သင်္ကြန်ကာလ အပြီးတွင် ရှေးဟောင်းရေကန်များပြန်လည်တူးဖော်ခြင်း၊ ဆယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် ပုဂံဒေသ၏ သန့်ရှင်းရေးပိုင်းနှင့် ဘုရားထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အဓိကထား ဆောင်ရွက်နေကြောင်း သိရသည်။

**MT**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းမြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ကျိုင်းတုံ မေ ၂၃**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် ဆွတ်ဝိုးကျေးရွာအုပ်စု ပန်ဖိန်း-ပန်ကောက်- ရောင်ပန်ကျေးရွာချင်းဆက် ၁၂/၀ မိုင် မြေလမ်းပေါ်ရှိ ဝမ်ပုံရွာအဝင် နမ့်လချောင်းနှစ်လွှာ တစ်ထပ် ပေ ၅၀ ဘေလီတံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုအား မက်မန်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက မေ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အပြင် မက်မန်းမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မြေသားလမ်း မြေလမ်းတာချဲ့ခြင်း၊ ဖြုန်းခင်းခြင်း၊ ကျောက်လမ်း၊ ကျောက်လမ်းပြင်ထိန်း၊ ကွန်ကရစ်လမ်း၊ ကွန်ကရစ်တံတား၊ ဘေလီတံတား၊ ကြိုးတံတား၊ Box Culvert များ၊ Pile Culvert များ၊ ကျောက်စီရေမြောင်း၊ မြေထိန်းနံရံ လုပ်ငန်းများ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။



**ကိုစိုင်း**

# အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲတွင် ပရာဘိုဝို ဆူဗီရန်တို အနိုင်ရရှိဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ချက်ချ



ဂျကာတာ မေ ၂၃

အင်ဒိုနီးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် သမ္မတလောင်း ပရာဘိုဝို ဆူဗီရန်တိုအပေါ် ရွေးကောက်ပွဲတွင် မဲမသမာမှုကျူးလွန်ကြောင်းစွဲချက်တင်ခဲ့သည့် အခြားပြိုင်ဘက်သမ္မတလောင်းနှစ်ဦးဖြစ်သည့် အန်နီဘာ့စဝေးဒန်နှင့် ဂန်ဂျာပရာနိုဝိုတို့၏ စွပ်စွဲချက်များကို ယမန်နေ့ကပယ်ချခဲ့ပြီး ရွေးကောက်ပွဲတွင် ပရာဘိုဝို ဆူဗီရန်တို အနိုင်ရရှိကြောင်း စီရင်ချက်ချခဲ့သည်။

"တရားရုံးက တရားလိုတွေရဲ့ စွဲချက်အားလုံးကို ပယ်ချပါတယ်" ဟု ကြားနာမှုအတွင်း တရားသူကြီးချုပ် ဆူဟာတိုယိုက ပြောကြားခဲ့သည်။ ရွေးကောက်ပွဲအပြီး ရက်ပိုင်းအတွင်း၌ အန်နီနှင့် ဂန်ဂျာတို့ကရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ မဲမသမာမှုများရှိကြောင်းစွပ်စွဲကာ ပရာဘိုဝိုနှင့် ၎င်း၏မဟာမိတ် ကိုယ်စားလှယ်ဖြစ်သူ ဂျီဘရန်း ရာကာဘူမင်ရာကာတို့အား တရားစွဲဆိုခဲ့သည်။

**ကျိုးကြောင်းခိုင်လုံမှုမရှိ**

ပရာဘိုဝိုနှင့် ၎င်း၏မဟာမိတ် ကိုယ်စားလှယ်ဖြစ်သူ ဂျီဘရန်း ရာကာဘူမင်ရာကာတို့အား ရွေးကောက်ပွဲဥပဒေချိုးဖောက်မှုနှင့် မဲလိမ်လည်မှုများဖြင့် စွဲချက်တင်ခဲ့သည့်အပြင် ဂျီဘရန်း၏ ဒုတိယသမ္မတလောင်းအဖြစ် ရွေးချယ်ခံပိုင်ခွင့်ဆိုင်ရာတရားဝင်မှုအပေါ် မေးခွန်းထုတ်ခဲ့သည်။ ယင်းစွပ်စွဲချက်များနှင့်ပတ်သက်၍ ကိုယ်စားလှယ်လောင်းနှစ်ဦး၏ စွပ်စွဲချက်များမှာ စွဲချက်တင်ရန် ကျိုးကြောင်းခိုင်လုံမှု မရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သည်။ ယင်းစွပ်စွဲချက်များနှင့် ပတ်သက်၍ တရားရုံးမှ စီရင်ချက်မချမီ ရက်ပိုင်းအလိုတွင် ပရာဘိုဝိုက ၎င်းအား ထောက်ခံသူများကို လမ်းပေါ်ထွက်၍ ဆန္ဒမဖော်ထုတ်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ဆုံးဖြတ်ချက်ကို လေးစားလိုက်နာရေးအတွက် တောင်းဆိုခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတသစ်အဖြစ် ပရာဘိုဝို ဆူဗီရန်တိုသည် အောက်တိုဘာလတွင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ




# ဂါဇာကမ်းမြောင်ဒေသတွင် ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်ရေးအတွက် မက်ခရွန် ပန်ကြား

ဂျေရုဆလင် မေ ၂၃

ဂါဇာကမ်းမြောင်ဒေသတွင် ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု နှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးစဉ် ယမန်နေ့က ပန်ကြားခဲ့သည်ဟု ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အီရန်က အစ္စရေးအား တိုက်ခိုက်ခဲ့သည့်ဖြစ်ရပ်တွင် အစ္စရေးနိုင်ငံသားများနှင့် တစ်သားတည်းရပ်တည်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ သို့ရာတွင် ဂါဇာတောင်ပိုင်းရှိရာဖယ်၌ အစ္စရေးတပ်ဖွဲ့က ထိုးစစ်အရှိန်မြှင့်ခြင်းအပေါ် မိမိကန့်ကွက်ကြောင်းနှင့် ၎င်းကဲ့သို့ဆောင်ရွက်ခြင်းသည် ပဋိပက္ခကို ကြီးထွားလာစေရေးအတွက် ဆောင်ရွက်ချက်သာဖြစ်ကြောင်း မက်ခရွန်က ရှုတ်ချပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ အများအပြားရောက်ရှိရေးနှင့် ဓားစာခံများလွှတ်မြောက်ရေးကိစ္စကို ပြင်သစ်က အလေးထားဆောင်ရွက်မည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# အီသီယိုးပီးယားမြောက်ပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် လူ ၅၀၀၀၀ ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရ

အက်ဒစ်အဘာဘာ မေ ၂၃

အီသီယိုးပီးယားနိုင်ငံ မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ကျေးလက်ဒေသများမှ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူဦးရေမှာ မေ ၁၃ ရက်နောက်ပိုင်းတွင် လူပေါင်း ၅၀၀၀၀ ကျော်အထိ မြင့်တက်လာခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးတို့က မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

မေ ၂၂ ရက်တွင် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ ရွှေ့ပြောင်းဒုက္ခသည် အများစုဖြစ်သည့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အို အများစုသည် ကိုဘိုနှင့် ဆီကိုတာမြို့များ၌ ခိုလှုံနေကြဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

လူသားချင်း စာနာထောက်ထားမှု အခြေအနေသည် ဆိုးရွားလာပြီး ထောင်နှင့်ချီသော အမျိုးသမီးများနှင့် ကလေးငယ်များ အသက်ရှင်ရပ်တည်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များစွာ လိုအပ်နေကြောင်းလည်း သိရသည်။ အီသီယိုးပီးယားနိုင်ငံ အစိုးရနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် အစားအစာနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို စတင်ပေးနေပြီဖြစ်သည်။



မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် အီသီယိုးပီးယားနိုင်ငံ မြောက်ပိုင်း အယ်လ်လာမာတာမြို့၌ လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အသေအပျောက်အရေအတွက် အတိအကျ မသိရသေးကြောင်း အစီရင်ခံခဲ့ပြီး အရပ်သား အများအပြားသည် ကိုဘိုနှင့် ဆီကိုတာမြို့များဘက်သို့ ထွက်ပြေးခဲ့ကြကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ယခင်အစီရင်ခံစာ၌ ပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အလင်းသစ်

# မလေးရှား၏ ကားရောင်းအား မတ်လတွင် တစ်လလျှင် ၁၀ ရာခိုင်နှုန်း တိုးလာ

ကွာလာလမ်ပူ မေ ၂၃

မလေးရှားနိုင်ငံ၏ ကားရောင်းအားသည် မတ်လတွင် အစီးရေ ၇၁၀၅၂ စီးအထိရောင်းချနိုင်ခဲ့ခြင်းကြောင့် တစ်လထက်တစ်လ ၁၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း မလေးရှားနိုင်ငံကားအသင်း(MAA)မှ ပြောကြားခဲ့သည်။

သို့ရာတွင် မလေးရှားနိုင်ငံ၏ ကားရောင်းအားသည် လစဉ်အားဖြင့် မြင့်တက်မှုရှိခဲ့သော်လည်း တစ်နှစ်နှင့်တစ်နှစ် နှိုင်းယှဉ်ချက်တွင်မူ ကားရောင်းအားသည် လွန်ခဲ့သောနှစ်ကထက် ကျဆင်းမှုရှိခဲ့ကြောင်း သိရသည်။



မလေးရှားနိုင်ငံ၏ ယခုနှစ် ဇန်နဝါရီလမှ မတ်လအထိ စုစုပေါင်း ကားရောင်းအားမှာ ကားအစီးရေ ၂၀၂၂၄၅ စီး ရှိခဲ့ကြောင်း သိရသည်။ မော်တော်ကားထုတ်လုပ်မှုနှင့် ပတ်သက်၍ မတ်လတွင် စုစုပေါင်း အစီးရေ ၆၆၉၂၃ စီးရှိခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဇန်နဝါရီလမှ မတ်လအထိ မလေးရှားနိုင်ငံ၏ ကားထုတ်လုပ်မှုသည် တစ်နှစ်ထက်တစ်နှစ် ခြောက်ရာခိုင်နှုန်း တိုးလာကာ အစီးရေ ၂၁၀၄၃၁ စီးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ ကားအသင်း၏ အဆိုအရ ယခုနှစ်ဧပြီလတွင် ကားရောင်းအားသည် ပွဲတော်အားလပ်ရက်များသဖြင့် အလုပ်ချိန်တိုသောကြောင့် ၂၀၂၄ ခုနှစ် မတ်လထက် လျော့နည်းမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အလင်းသစ်

# အိန္ဒိယ၏ ပြည်နယ်အသီးသီးရှိ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအား အပူဒဏ်ကာကွယ်သည့်ဦးထုပ် ပေးအပ်

နယူးဒေလီ မေ ၂၃

အိန္ဒိယ၏ ပြည်နယ်အသီးသီးရှိ ရဲဌာနများသည် အပူလှိုင်းမြင့်တက်လာခြင်းကြောင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအား ကာကွယ်ရေးအတွက် လေအေးပေးစက် ပါဝင်သည့် ဦးထုပ်များကို မကြာသေးမီက ပေးအပ်ခဲ့ကြောင်း သိရသည်။




၎င်းဦးထုပ်များသည် အပူချိန် ၄၀ ဒီဂရီ စင်တီဂရိတ်ထက်ကျော်လွန် မြင့်တက်နေချိန်တွင် အပူဒဏ်ကို သက်သာစေရန် ဒီဇိုင်းထုတ်ထားပြီး မျက်လုံးများကို နေရောင်ခြည်မှ ကာကွယ်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အပူရှိန်ကြောင့် လမ်းပေါ်တွင် ယာဉ်ထိန်းရဲများ မူးလဲသွားကြောင်းသတင်းများရရှိခဲ့ပြီးနောက် ဂူဂျာရတ်ပြည်နယ်တွင် ယင်းဦးထုပ်များကို မိတ်ဆက်ခဲ့သည်။ ယင်းဦးထုပ်သည် ဘက်ထရီဖြင့် အလုပ်လုပ်ပြီး ၎င်းတွင် အားသွင်းကိရိယာပါရှိကာ အားအပြည့်သွင်းပါက ရှစ်နာရီအထိ ကြာရှည်ခံသည်။ ယခုလအစောပိုင်းက အိန္ဒိယမိုးလေဝသဌာနက ဧပြီလမှ ဇွန်လအထိ အပူရှိန်မြင့်တက်နိုင်ပြီး အလယ်ပိုင်းနှင့် အနောက်ပိုင်း ကျွန်းဆွယ်ဒေသများတွင် အဆိုးရွားဆုံး ထိခိုက်နိုင်သည်ဟု ခန့်မှန်းထားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# ချမ်းမြသာစည်နှင့် လားရှိုးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၄၉ လမ်းနှင့် ၁၁၇ လမ်း ထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိသူ မအိမြတ်နန္ဒာထွန်း(ခ) ကေကေအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၀၁၂ ကီလို၊ ကက်တမင်း သုည ဒသမ ၀၀၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ မနန္ဒာလှိုင်၏ နေအိမ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၀၇၅ ကီလို၊ ကက်တမင်း ၁ ဒသမ ၃၆၄ ကီလိုအားလည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် စိတ်ပြောင်းဆေးဝါးများ



ရန်လူ နှင့် မပါးရီ(ခ)မရင်ကော့တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်လုပ်သေနတ်များနှင့်အတူ တွေ့ရစဉ်။

သယ်ဆောင် ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ သိန်းသန်းဦး(ခ) အားချင်အား ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး ဆက်လက် ဖော်ထုတ်ခဲ့ရာ ညနေ ၅ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်တွင် မြင့်ဦး(ခ) အားချိုင်အား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၀၁၅ ကီလို၊ ကက်တမင်း သုည ဒသမ ၀၂ ကီလို၊ Ford မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ညနေ ၆ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၅၅ လမ်း၊ ၁၁၅ လမ်းနှင့် ၁၁၆ လမ်းကြားရှိ မြင့်ဦး(ခ)အားချိုင်၏ နေအိမ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၂၈၅ ကီလို၊ ကက်တမင်း သုည ဒသမ ၂၉၇ ကီလိုတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ပန်ဟုန်းကျေးရွာအုပ်စု ဟိုနားပန်ကျမ်းကျေးရွာရှိ ရန်လူနှင့် ၎င်း၏ဇနီး မပါးရီ(ခ)မရင်ကော့တို့၏ တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ တဲအတွင်းမှ ဘိန်းဖြူ သုည ဒသမ ၅၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၊ ဘိန်းစိမ်း သုံးကီလို၊ လက်လုပ်သေနတ် လေးလက်၊ မြန်မာငွေကျပ် ၇၈ သိန်းတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ ရတနာပုံ တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကျောက်ကျော ဖာ ၅၀ နှင့် အုန်းသီးအမှုန့်အိတ် ၁၂၀ အပါအဝင် ကုန်ပစ္စည်း ၁၇ မျိုး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၂၄၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မင်္ဂလာဒုံမြို့နယ် မြို့ရှောင်လမ်းအနီး၌ လိုင်စင်မဲ့ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လားရှိုး-တန့်ယန်းလမ်းခွဲအနီး၌ ချင်းရွှေဟော်မှ လားရှိုးသို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Jianghe ဆပ်ပြာမှုန့် ၁၇၅၅ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၇၂၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန် အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်တစ်ခုအတွင်းမှ တရုတ်နိုင်ငံသို့ တရားမဝင်တင်ပို့မည့် ငှက်သိုက် (အကြမ်း) ၈ ဒသမ ၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၂ ရက်တွင် မင်းတုန်းမြို့ အမှတ်(၁) ရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ဂါလန် ၄၀၊ ဒီဇယ်ဆီ ၂၄ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၆၀၀)နှင့် အဆိုပါစက်သုံးဆီများ



စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

တင်ဆောင်လာသည့် Luojia 110 ဆိုင်ကယ်တစ်စီးနှင့် New Zhineng Smash 110 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေအရလည်းကောင်း၊ ဧပြီ ၂၃ ရက်တွင် မင်းတုန်းမြို့နယ်နှင့် မင်းလှမြို့နယ်၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၃၈ ဂါလန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၁၂၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Luojia 125 ဆိုင်ကယ်တစ်စီးနှင့် Kenbo 125 ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်း များဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မင်းတုန်းမြို့နယ်နှင့် မင်းဘူး မြို့နယ်တို့၌ လိုင်စင်မဲ့ Kenbo 125 ဆိုင်ကယ်တစ်စီး၊ Dayan 110 ဆိုင်ကယ်တစ်စီး၊ XEROS 110 ဆိုင်ကယ်တစ်စီးနှင့် Luojia 110 ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မကွေးခရိုင်၊ သရက်ခရိုင်၊ အောင်လံခရိုင်နှင့် မင်းဘူးခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၅၄၃ တန်၊ အခြားသစ် ၁၇ ဒသမ ၀၃၉ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၃၁၆၄၅ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်၉၃၇၈၄၄၅ ကျပ်ကိုသိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်း မြို့နယ်၌ လိုင်စင်မဲ့ Honda Dream 125 ဆိုင်ကယ်တစ်စီးနှင့် Honda Insight ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြိတ်မြို့နယ်၌ တရားမဝင် အခြားသစ် ၇ ဒသမ ၄၃၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၅၆၄၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၁၅၆၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၉၉၀၅၈၅ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၄-၂၀၂၄ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရျှင်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'Gasifier စွမ်းအားကုန်ထုတ်လုပ်မှု တိုးတက်မြင့်မား'
- ၀၉:၃၅ 'စနစ်တကျပြန်တီးတီထွင်မြန်မာ့အထူးတန်း ကော်ဖီလုပ်ငန်းခွင်'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၀၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၂၀ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၄)
- ၁၃:၀၅ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၁၈)
- ၁၅:၂၅ Weekly Soccer Preview
- ၁၆:၃၅ မျိုးဝှက်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၀၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၄၀ Next Level
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၁၈)ကြိမ်မြောက်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဇာတ်တော်ကြီးပြိုင်ပွဲ 'မဟာဇနကဝင်ဖွားတော်မူခန်း' (ပထမဆု)(ရန်ကုန်တိုင်းဒေသကြီး)(ဒုတိယပိုင်း)
- ၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၂၉)

**mitv**

- 07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:08 Myanmar Puppeteers (Duet Dance)
- 07:19 Discovering Tribes "Rvwang" Their Life and Customs (Part-2)
- 07:48 Myanmar Masterclass: Artist Shwe Yoe Yar
- 08:01 News
- 08:26 Changing Trend of Myanmar Media Industry
- 08:35 A Trip to Gyobyu Reservoir (Part-2)
- 08:55 Listening Pleasure, Instrumental Music (Piano) Can't help falling in love with you
- 09:01 Smart Village in Hopong: Kyauk Tan
- 09:10 Home for the Beautiful Star Tortoises
- 09:26 Chef Life: Kelvin Hong Song (Chinese Chef)
- 10:01 News

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
လူသားတို့ရဲ့ကျေးဇူးရှင် 'များ'
**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင်
သံပရာသီးအကြောင်းသိကောင်းစရာ
**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး
**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ရိုးရာဝါးခမောက်လက်မှုပညာအမွေ
**စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ထွန်းတောက်လာသောကြယ်တစ်ပွင့်
**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၆)
**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
မြစ်ဖုဒ္ဓဖြစ်တည်ရာသန့်ကြယ်မြင်ကွင်းဖုဒ္ဓဂါယာ
**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
ဝက်သားနှင့်ပိန်းရွက်ချက်ပြုတ်နည်း
**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၅)
**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ရာမညမြေမှအလှတရားများ(အပိုင်း-၂)
**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
လှမ်းခဲ့ပါလေတောင်တို့မြေ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ပြည်ထောင်စုအလှနှင့်မနောအက
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ပြည်သူ့ဝန်ထမ်း'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇလန်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၆)

**MRTV FARMERS' HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ နိုင်ငံ့စီးပွားတိုးတက်ဖို့ MSMEလုပ်ငန်းများ အားပေးစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ Puss in Boots: The Last Wish (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ BUSY DAY ON THE FARM
- ၂၂:၃၀ ငပွေး(ဇာတ်လမ်း)

**MRTV SPORTS HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၅ Weekly MNL Review

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# မြင်းခြံမြို့မှ ကျေးရွာငါးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်စွပ်စွဲ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၂၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဆင်ချောင်းကျေးရွာ၊ ရန္တပိုကျေးရွာ၊ ကိုင်းကျေးရွာ၊ ညောင်တိုကျေးရွာတို့ကို မေ ၂၂ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါ မီးရှို့




ဖျက်ဆီးမှုကြောင့် အိမ်ခြေ ၃၀၀ ကျော် ပျက်စီးခဲ့သည်ဟု တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ PDF အမည်ခံအကြမ်းဖက်သမားများက မြင်းခြံမြို့နယ်အတွင်းရှိ အဆိုပါကျေးရွာများမှ ငွေကြေးနှင့် စားနပ်ရိက္ခာများ ကောက်ခံခြင်း၊ ဒေသခံပြည်သူများကို အတင်းအဓမ္မလူသစ်စုဆောင်းခြင်းနှင့် မတရားဖမ်းဆီးနှိပ်စက်နေကြောင်း အကြမ်းဖက်လုပ်ရပ်များကို လက်မခံသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များပါဝင်သည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာများအနီးသို့ သွားရောက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာများအတွင်းမှ လက်လုပ်လက်နက်ကြီးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ ကျေးရွာများအတွင်းရှိ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ပြု တိုက်ခိုက်ခဲ့ပြီး ၎င်းတို့ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ ဒေသခံနေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများတွင် PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း မရှိစေရန်အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်တို့အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ မေ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ko Ko Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၀) ရပ်ကွက်နေ ကိုကိုအောင်အား ည ၁၁ နာရီ ၂၅ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်မှုကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အပူချိန်လွန်ကဲမှုကြောင့် မေလမှ ဇူလိုင်လအတွင်း မွေးမြူရေး(ဥရောပ)ပျားအုံများတွင် အတောင်လိပ်ရောဂါ ကျရောက်တတ်ပြီး အဆိုပါအတောင်လိပ်ရောဂါ ကျရောက်မှုကြောင့် သက်ငယ်ပျားများ (Nurse Bees) ဆုံးရှုံးကာ ပျားအုံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပျားမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အတောင်လိပ်ရောဂါ ကျရောက်မှုမှ ကာကွယ်နိုင်ရန် အောက်ဖော်ပြပါအချက်များကို ဂရုပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မေ၊ ဇွန်၊ ဇူလိုင် လများတွင် အပူချိန်မြင့်မားသည့်အတွက် ပျားအုံများကို အရိပ်ကောင်းမွန်သည့်နေရာများတွင် ချထားမွေးမြူရန်။

(ခ) ကပ်ပါးမွှားရောဂါကင်းစင်ရေး ဆောင်ရွက်ရန်။

(ဂ) ပျားသောက်ရေလုံလောက်စွာ ရရှိရေးဆောင်ရွက်ရန်။

(ဃ) ပျားအုံများ လေဝင်လေထွက် ကောင်းမွန်အောင် ဆောင်ရွက်ရန်။

(င) ပျားအုံများအတွင်း သားလောင်းနှင့် သားထိန်းပျားများ အချိုးအစားညီမျှအောင် ဆောင်ရွက်ရန်။

(စ) သကြားနှင့် ရေကို သတ်မှတ်ထားသည့် အချိုးအစားဖြင့် ဖျော်စပ်ပြီး ဆားအနည်းငယ်ထည့်၍ တိုက်ကျွေးရန်။

(ဆ) ပျားသလက်ဘောင်အသစ်များဖြင့် မွေးမြူနိုင်ရေး ဆောင်ရွက်ရန်။

(ဇ) ရောဂါကျရောက် ဖြစ်ပွားနေကြောင်းသိရှိပါက နီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေး တာဝန်ခံရုံးနှင့် မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းထံသို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



# ပန်းတောင်းမြို့နယ်အတွင်းရှိ လေပြင်းဘေးအန္တရာယ် ကျရောက်ပျက်စီးခဲ့သည့် ရပ်ကွက်/ ကျေးရွာအုပ်စုများအား ထောက်ပံ့ငွေများ ပေးအပ်

ပန်းတောင်း မေ ၂၃

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သော ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ယမန်နေ့မွန်းတည့် ၁၂ နာရီက ပြည်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များက ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါပုံးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ငွေများပေးအပ်ရာတွင် ပြည်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ချို၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ပူးပေါင်း၍ ပြိုကျလူနေအိမ် သုံးလုံး၊ အမိုးလန်လူနေအိမ် ၁၁၅ လုံးနှင့် ဘုန်းကြီးကျောင်းနှစ်ကျောင်းတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုး စုစုပေါင်း ထောက်ပံ့ငွေကျပ် ၆၂၉၀၃၀၀ နှင့် ပြိုကျလူနေအိမ် သုံးလုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါပုံး သုံးပုံးအား ပြည်သူများထံသို့ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)




# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးမှ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုထံသို့ အကျိုးခံစားခွင့်ထုတ်ပေး

ရန်ကုန် မေ ၂၃

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ပန်းလှိုင်ဂေါက်ကွင်းလမ်း စက်မှုဇုန် (၆) ရှိ Pun Hlaing Siloam ဆေးရုံမှ အာမခံအလုပ်သမားဖြစ်သူ ဒေါ်မေချယ်မာလာသည် ပန်းလှိုင်ဆေးရုံ၏ ဆေးခန်းအခွဲဖြစ်သော မြောက်ဒဂုံမြို့နယ်၌ တာဝန်ချိန်ပြီးဆုံး၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက် နေအိမ်သို့ လမ်းလျှောက်ပြန်စဉ် ည ၇ နာရီဝန်းကျင်ခန့်အချိန်တွင် တက္ကစီတစ်စီးမှ ဒေါ်မေချယ်မာလာအား နောက်မှဝင်ရောက်တိုက်မိခဲ့ပြီး ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာများရရှိပြီး လုပ်ငန်းခွင်ပြင်ပ သေဆုံးခဲ့သည်။

ထိုသို့ သေဆုံးမှုအတွက် ကျန်ရစ်သူငွေလုံးငွေရင်း ငွေကျပ် ၇၅၇၅၀၀၀ ကို သေဆုံးသူ၏ မိခင်ဖြစ်သူထံသို့ စက်ရုံမှတာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက ခွင့်ပြုထုတ်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျန်းမာခြင်း၏စည်းစိမ်

ပီမိုးနှင်း

ကျန်းမာခြင်းသည် အဖိုးတန်ဆုံးသောလာဘ်ကြီး၊ အကြီးဆုံးသောလာဘ်ကြီးဖြစ်ကြောင်း လူတိုင်းအသိဖြစ်ပါလျက် အဘယ်အတွက် အဖိုးမတန်သကဲ့သို့ သဘောထားကြပါသနည်း။

တစ်စုံတစ်ယောက်သည် ကျန်းမာခြင်းအကြောင်းကို ဟောပြောမည်ဆိုချေက ရသေ့ဦးစံသိန်း၏ တရားပွဲလောက် တရားနာပရိသတ်များပြားမည်မဟုတ်ပေ။ ကျန်းမာခြင်းတရားကို နာလာသူများပင် ငြီးငွေ့ပြီး စိတ်လွင့်ပြားလျက် နေကြပေလိမ့်မည်။ အချို့လည်း အမှတ်မဲ့ထ၍သွားကြလိမ့်မည်။ အချို့ကား ထ၍သွားမည်ဖြစ်သောကြောင့် အောင့်သက်သက်နာကြရပေလိမ့်မည်။

အဘယ်အတွက် ဤကဲ့သို့ဖြစ်ရပါသနည်း။ ဤကဲ့သို့ဖြစ်ခြင်း၏ အကြောင်းရင်းသည် အခြားကြောင့်မဟုတ်၊ ကျန်းမာခြင်းသည် ဓမ္မတာသဘောအရ ပင်ပန်းစွာမရှာမကြံရဘဲ အလိုအလျောက် မည်သူမဆို အဖိုးအခမရှိဘဲ ရရှိသောအရာဖြစ်လေသည်။ သို့ပင်လျှင် ထိုအခါများ၌ ဝေဒနာခံစားရခြင်းမှ လွတ်ကင်းခြင်းသည် အဘယ်အပျော်၊ အဘယ်စည်းစိမ်နှင့်မတူ ဟူသောအကြောင်းကို သိနိုင်လေသည်။

သို့ဝေဒနာကို ပြင်းထန်စွာခံစား၍ နေရာမှ အပြီးအပိုင်ချမ်းသာ၍သွားသောအခါ အကျဉ်းထောင်မှ လွတ်လာသူအလား အမွေးအတောင်ကျွတ်သောငှက်သည် အမွေးအတောင်ကို ပြန်၍ရသဖြင့် လွတ်လပ်ခြင်းတည်းဟူသော လေလဟာပြင်၌ မြူးရွှင်စွာကစားသည့်အလား ကျန်းမာခြင်းတည်းဟူသော လွတ်လပ်ခြင်းစည်းစိမ်၏အရသာ ထူးမြတ်ခြင်းကို တွေ့ရှိခံစားကြရလေသည်။

သို့သော်လည်း အတန်ကြာ၍ ရှိးသောအခါ ဝေဒနာခံစားရခြင်းတည်းဟူသော သုခစည်းစိမ်ကို မေ့လျော့ကာ ငြီးငွေ့သည့်လက္ခဏာဖြင့် ဝေဒနာကို ပြန်၍ရှာခြင်းကားအခြားမဟုတ် အပျော်အပါးကို ပြန်၍ရှာခြင်းဖြစ်သည်။

၎င်းတို့သည် ကျန်းမာချမ်းသာစွာနေရခြင်း၏ စည်းစိမ်တို့နှင့် မတင်းတိမ်နိုင်ကြ။ ကျန်းမာခြင်း၏ တကယ့်သုခကို အဖိုးမတန်အလကားဥစ္စာဟု ထင်မှတ်ကာ ကျန်းမာခြင်းစည်းစိမ်ကို ကျေးဇူးမဲ့ ခြေကန်ကာ ဝေဒနာခံစားရခြင်း၏ဒုက္ခကို တစ်ဖန်ပြန်၍ ရှာကြသူများဖြစ်ကြလေသည်။

ထိုကဲ့သို့ရှာကြံလိုသောစိတ်မျိုး ပေါ်ပေါက်သည့်အခါ မိမိဝေဒနာခံစားခဲ့ရပုံ၊ သို့ဝေဒနာခံစား၍နေစဉ် အဘယ်မျှဆင်းရဲပုံ၊ ဝေဒနာခံစားရာမှ ခဏမျှ သက်သာသည့်အခါ အဘယ်မျှလောက်ကြီးမားသော သုခကို ရရှိပုံများကို ပြန်လည်စဉ်းစားကာ ငါသည် ထိုထူးမြတ်သောစည်းစိမ်ကြီးကို ယခုကိုယ်ပိုင် လက်ရှိရ၍ နေပါကလား။

ဟိုတယ်သို့သွား၍ ငွေကုန်ခံကာ ခဏမျှယစ်မူးရခြင်းသည် ဤစည်းစိမ်ကြီးထက် ဘယ်လောက်များ ပို၍ထူးမှာလဲ။ ဘေးကမနာ၊ ရင်မှာမအောင့်၊ မတောင့် ကိုယ်လက် သက်သက်သာသာ၊ ပက်လက်ကုလားထိုင်၌ မှေးစက်ကာ ဆေးတံကိုခဲ၍နေခြင်းထက် ဘရန်ဒီတစ်ခွက်က ပိုပြီးကောင်းဦးမှာလား။

ဆေးရုံကိုတက်၍နေရစဉ်က ယခုလို ကျန်းကျန်းမာမာ ဘာဝေဒနာကိုမျှ မခံစားရဘဲ စီးကရက် ဆေးလိပ်ကိုကိုက် စာအုပ်ကို စူးစိုက်၍နေခြင်း စည်းစိမ်ကို အခါခါတောင့်တခဲ့သည် မဟုတ်ပါလား။ ယခု ဤမဟာစည်းစိမ်ကြီးကို ငါရ၍နေပြီ။ ငါဘာကို ထပ်ပြီးလိုချင်နေသေးသလဲ။ လောကမှာ သည်ဟာထက်ကောင်းတာဘယ်ဟာရှိသေးသလဲ။ သည်ဟာထက်ထူးမြတ်တာ ဘယ်ဟာရှိသေးသလဲ။

ငါအလွန်မိုက်ပါကလား။ ခါးထဲက နာတာတာ၊ ရင်ထဲက အောင့်တောင့်တောင့်၊ မစောင့်နိုင်တဲ့ ဣန္ဒြေဆိုတာလို၊ ငိုယိုကာ လင်ကိုဆဲပြီး အူဝဲသံကြားရသောအခါ ခံရသည့်ဒုက္ခတွေကို အကုန်မေ့သော မိန်းမနှင့် ငါအလွန်တူပါလားဟူသော သဘောတရားများကို ဆင်ခြင်ကာ မိမိကိုယ်ကို ဆုံးမတတ်ချေက ကျန်းမာခြင်းကို ဉာဏ်စောင့်ဟူသောစကားအရ ကျန်းမာချမ်းသာခြင်း၏သုခကို အမြဲခံစားကြရနိုင်လေသည်။

အသက်ကိုသာ ဉာဏ်စောင့်သည်မဟုတ်၊ ကျန်းမာခြင်းကိုလည်း ဉာဏ်စောင့်၏။ ကျန်းမာခြင်းကို ဉာဏ်စောင့်ခြင်းသည် အသက်ကို ဉာဏ်စောင့်ခြင်းဖြစ်၏။ အဘယ်မျှပင်ဂရုစိုက်ကာ ဉာဏ်နှင့်စောင့်သော်လည်း ဝေဒနာသည် သူခိုးပမာလည်းကောင်း၊ မြွေကင်းကဲ့သို့လည်းကောင်း၊ မမြင်နိုင်သော မှောင်ထဲချောင်ထဲမှ ထွက်ပေါ်တတ်လေရာ ဝေဒနာကို အမြဲလွတ်အောင် မည်သူမျှရှောင်နိုင်မည် မဟုတ်ပေ။ သို့မရှောင်နိုင်သဖြင့် တွေ့ကြုံရသည့်အခါ မသေအောင်၊ အပြင်းအထန်မခံစားရအောင် သတိရှိဖို့သာ လိုလေသည်။

ရောဂါတစ်ခုခုရှိသည့်အခါ ဝေဒနာခံစားရခြင်းသည် ကောင်း၏။ ဝေဒနာခံစားရခြင်းသည် ကိုယ်စောင့်နတ်ဖြစ်၏။ ဝေဒနာမခံစားရဘဲ ရောဂါဝင်ရောက်ကာ ကိန်းအောင်း၍နေမှာသာ စိုးရိမ်ရလေသည်။

ဝေဒနာခံစားရခြင်းသည် မြန်မြန်သတိထား မြန်မြန်ကုယူဟု သတိပေးခြင်းဖြစ်လေရာ ဝေဒနာခံစားရသည်နှင့်တစ်ပြိုင်နက် ဝေဒနာမတိုးရအောင် တကယ့်ဆေးဆရာများထံသို့ သွားရမည်။ တကယ့်ဆေးဆရာဆိုသည်မှာ တကယ့်ဆေးကျောင်းမှ တကယ်လက်မှတ်ရသော အင်္ဂလိပ်ဆရာဝန်များကို ဆိုလိုလေသည်။

ဆရာဝန်ခေါ်တိုင်း အစစ်မဟုတ်။ အချောင်လက်မှတ်ရဆေးဆရာဝန်တွေ ဟိုမီယိုပါသီဘိုင်အိုကင်မစ်ဆရာဝန်ခေါ်သည့် ဆရာမျိုးတွေလည်း ဘွဲ့ကြီး၊ နာမည်ကြီးများနှင့် လိမ်၍နေတတ်ကြလေရာ သတိနှင့်စုံစမ်းသင့်လေသည်။

ရောဂါရသည့်အခါ တကယ့်ဆရာ ဆရာဝန်များထံ စောစောသွားကြချေက မမှားနိုင်။ ၎င်းတို့၏ အသိပညာသည် သေချာတပ်အပ်သိ၍ စမ်းတဝါးဝါးမဟုတ်သောအသိဖြစ်ရာ မိမိတို့နိုင်သည့် ရောဂါဖြစ်က နိုင်အောင်ကုမြဲဖြစ်၏။ မနိုင်မှန်းကိုသိက နိုင်ရာဆရာဝန်များကိုသော်လည်းကောင်း၊ လက်နက်ကိရိယာစုံလင်သော ဆေးရုံကြီးများကိုသော်လည်းကောင်း၊ မိမိတို့ကိုယ်တိုင်ကသော်လည်းကောင်း ပို့၍ပေးကြ၏။ သို့မဟုတ် လမ်းညွှန်တတ်ကြလေသည်။

ကျွန်ုပ်ကိုယ်တိုင် မကြာမီက ဆေးရုံကို ရောက်သည်မှာ ပတ်တာနီကုန်း ကျွန်ုပ်နေအိမ်နှင့် မနီးမဝေးဖြစ်သော သိမ်ဖြူဆေးတိုက်ဆေးဆရာဝန် ဒေါက်တာမီနန်းကိုယ်တိုင် မိမိ၏ မော်တော်ကားနှင့် ဆေးရုံကြီးသို့ပို့၍ပေးခြင်းကြောင့် ဖြစ်လေသည်။

နံနက် ၅ နာရီအချိန်လောက်မှာ အသည်းအသန်ဖြစ်သဖြင့် ၎င်းကိုခေါ်ရာ နည်းလမ်းရှိသလောက်ကုသပြီး ရောဂါကြီးသည်၊ မိမိမှာလည်း လက်နက်မစုံလင်၊ လက်နက်စုံလင်သောဆေးရုံကြီးကို ယခုချက်ချင်းသွားမှ ချမ်းသာမည်ကိုပြောပြီး မိမိကိုယ်တိုင် မော်တော်ကားနှင့် ကျွန်ုပ်ကို လိုက်ပို့လေသည်။ အကယ်၍ ထိုဆရာဝန်ကိုမခေါ်ဘဲ အိမ်နီးချင်းများ၏အကြံကို လိုက်နာကာ ဆရာအချို့ကို ခေါ်မိချေက အဘယ်ပုံဖြစ်မည် မသိရပေ။ (**လူစွမ်းလူစမှ**)

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**စိတ်အယူအဆတိုးတက်ပါစေ**

**"ပညာသည် လူတို့၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသာမဟုတ်၊ လူ၏စိတ်နေစိတ်ထားအယူအဆများကိုလည်း တိုးတက်စေရမည်။**

**ဗိုလ်ချုပ်အောင်ဆန်း(၁၉၁၅-၁၉၄၇)**

ဘဝကိုအောင်မြင်စေလိုပြီး ကြွယ်ဝချမ်းသာလိုကြသော ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် စာအုပ်စာပေထဲတွင်ရှိနေသည့် ပညာရပ်များကို ဖတ်မှတ်လေ့လာနိုင်ခြင်းအားဖြင့် မိမိတို့၏ဉာဏ်ကို ပြုပြင်တိုးချဲ့နိုင်ရုံသာမကဘဲ လူတို့၏စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်စေရမည်ဟု မှာကြားလမ်းပြခဲ့ခြင်းဖြစ်သည်။ စာအုပ်ထဲတွင် ပါရှိသလောက်သာ မြင်တတ်၊ တွေးတတ်၊ ခံယူလုပ်ဆောင်တတ်ရန်သာ မဟုတ်ဘဲ စာအုပ်ကိုကျော်လွန်ပြီး အမြင်ကျယ်ကျယ် တွေးခေါ်မြော်မြင်နိုင်ရန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ရည်ညွှန်းဖော်ပြခဲ့ခြင်းလည်းဖြစ်သည်။

ထို့ကြောင့် စာဖတ်ခြင်းမှရရှိလာသည့် တန်ဖိုးရှိလှသည့် အတွေးအမြင်ကောင်းများကို ရယူသုံးစွဲတတ်လာလျှင် ဘဝတွင်အောင်မြင်မှုရရှိကာ ကြီးပွားချမ်းသာမှု ရရှိလာမှာသေချာသည်။

သို့ဖြစ်၍ ဘဝကို အောင်မြင်စေလိုပြီး ကြွယ်ဝချမ်းသာလိုကြသော ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် စာပေကို အကျွမ်းတဝင်ဖြစ်အောင် ချဉ်းကပ်ပြီး စာပေကို မွေ့လျော်ကာ စာပေလေ့လာဖတ်ရှုခြင်းကို လက်တွေ့လုပ်ဆောင်ကြရန်လိုပါသည်။

"စာဖတ်ခြင်းမှရသောအတွေ့အကြုံ (သုတ) ကို မိမိ၏လက်တွေ့ဘဝပြဿနာ အတွေ့အကြုံ (မုတ) တွင် အသုံးချဖြေရှင်းနိုင်စွမ်းရှိခြင်းသည် ပညာပင်ဖြစ်သည်။" ဟူ၍ မျက်မမြင် နားမကြား အမေရိကန်စာရေးဆရာမ ဟယ်လင်ကဲလား ရေးသားခဲ့သည်ကို မှတ်သားဖူးပါသည်။



ဟယ်လင်ကဲလားသည် ဟားဗက်တက္ကသိုလ်၏ ပထမဆုံးဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်ခံရသည့် မျက်မမြင်၊ နားမကြား အမေရိကန်စာရေးဆရာမ တစ်ဦးဖြစ်ပြီး မျက်မမြင်စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောသူနှင့် စာရေးသူအဖြစ်လည်း ထင်ရှားကျော်ကြားသူဖြစ်သည်။

စာပေလေ့လာဖတ်ရှုခြင်းဖြင့် ရရှိလာနိုင်သည့် တန်ဖိုးကြီးမားပုံကို မျက်မမြင် နားမကြား အမေရိကန်စာရေးဆရာမ ဟယ်လင်ကဲလား၏ အောင်မြင်သည့်ဘဝဖြတ်သန်းမှုက ခိုင်မာသည့် သက်သေပင် ဖြစ်သည်။

ယနေ့တိုးတက်ပြောင်းလဲလာနေသော ခေတ်စနစ်ကို အမီလိုက်နိုင်ရန်အတွက် အသစ်အသစ်သော ပညာများကို ဆက်လက်လေ့လာဆည်းပူးနေရန် လိုအပ်သည်။ ကြီးပွားချမ်းသာလိုကြသော လူငယ်လူရွယ်တို့နှင့် လူတိုင်းလူတိုင်းသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသော ခေတ်မီအတတ်ပညာရပ်များကို မျက်ခြည်မပြတ်စေရန် အစဉ်သတိရှိစွာဖြင့် ကြိုးစားလေ့လာဆည်းပူးကြရန် အရေးကြီးသည်ဖြစ်၍ ပညာကို ဆက်လက်သင်ယူလေ့လာနိုင်ကြပါစေကြောင်း တိုက်တွန်းလိုက်ပါသည်။

သို့မှသာလျှင် ခေတ်စနစ်နှင့် ခေတ်ကာလ၏ ရွေ့လျားနေသောစက်ဝန်းကြီးအတွင်း လိုက်လျောညီထွေ လိုက်ပါစီးမျောလည်ပတ်နိုင်မည်ဖြစ်သည်။

"အတတ်ပညာဆည်းပူးပြီး တွေးတောစဉ်းစားမှု မပြုသူသည် ဘဝလမ်းပျောက်သူပင် ဖြစ်သည်။ တွေးတောစဉ်းစားမှုပြုပြီး အတတ်ပညာဆည်းပူးမှု မပြုသူသည် ကြီးစွာသောအန္တရာယ်ထဲရောက်၏။"

ယင်းစကားသည် တရုတ်အတွေးအခေါ်ပညာရှင် ကွန်ဖြူးရှပ်(၅၅၁-၄၇၉ ဘီစီ)၏ အဆိုအမိန့်များမှ တစ်ခုပင်ဖြစ်ကြောင်း ဖတ်မှတ်ဖူးသည်။

ထို့ကြောင့် နည်းပညာစနစ်သစ်များ၊ အတတ်ပညာစနစ်သစ်များ၊ လုပ်ထုံးလုပ်နည်းအသစ်များ၊ ဝန်းကျင်နယ်ပယ်အလိုက် အသစ်အသစ်တို့သည် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလျက်ရှိနေသည်။ ထိုသို့ ရွေ့လျားမှုများ ပြင်းထန်နေသည့် ယနေ့ကမ္ဘာကြီးတွင် အမီလိုက်နိုင်ရန် လူသားအားလုံးက ကျားကုတ်ကျားခဲကြိုးစားနေရမည်။ အစဉ်သဖြင့် ကြိုးစားနေကြရသည်ချည်းလည်း ဖြစ်သည်။

အဆိုပါအချက်သည် လူတစ်ဦးချင်းအတွက်လည်း များစွာအရေးပါသည်။

သို့ဖြစ်၍ ပညာရှာရာတွင် ပျင်းရိခြင်းမရှိဘဲ၊ အချိန်မဖြုန်းမိစေရန် သတိထားကာ အချိန်ကို အကျိုးရှိစွာအသုံးချတတ်ရန်လိုသည်။ အချိန်ကို တန်ဖိုးထားကာ ပညာတိုးတက်မှုရှိအောင် လေ့လာဆည်းပူးပြီး ပညာလိုချင်သောစိတ်ကလည်း များစွာထက်သန်နေရမည်ဖြစ်ပေသည်။

ပညာခွန်အား၊ ပညာစွမ်းအားဟူသည် လူသားတိုင်းအတွက် အရေးအကြီးဆုံးအချက်တစ်ခုပင်ဖြစ်သည်။ လူလူချင်းယှဉ်လာလျှင် ပညာသာသူကသာ အနိုင်ရရှိမည်သေချာသည်။ ထို့ကြောင့် ဆည်းပူးလေ့လာရရှိသော အတတ်ပညာများဖြင့် ရိုးသားစွာ ကြိုးစားလုပ်ဆောင်နိုင်ခြင်းအားဖြင့် ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိပိုင်ဆိုင်နိုင်မည်မှာ အသေအချာပင်ဖြစ်ပေတော့သည်။ ။

# ထူးချွန်သူဖြစ်ချင်သလား

မောင်ထူးချွန်

မောင်တို့မယ်တို့တွေ ထူးချွန်သူ ဖြစ်ချင်ကြသလားဆိုရင် ထူးချွန်သူ ဖြစ်ချင်ကြမှာပေါ့။ ဘဝမှာ ထူးချွန်သူ၊ အောင်မြင်သူအဖြစ် မိမိကိုယ်တိုင်က ဖြစ်စေ၊ မိဘအသိုင်းအဝိုင်းကဖြစ်စေ ထူးချွန်သူတွေအဖြစ် မြင်ချင် တွေ့ချင် ကြတာချည်းပါပဲ။

ဘယ်လောက် ထူးချွန်ချင်တာလဲ။ ဘယ်လောက်များများ ထူးချွန်ပြီး အောင်မြင်ချင်တာလဲ။

မောင်တို့မယ်တို့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ။ အကြိမ်ကြိမ်မေးကြည့်တဲ့အခါ မိမိအလို ရှိတဲ့အဖြေစကား ရရှိလာပါလိမ့်မယ်။

မောင်တို့မယ်တို့ဟာ တက္ကသိုလ်ဝင်တန်းအရွယ်၊ ဒါမှမဟုတ် တက္ကသိုလ်ကျောင်းသား ကျောင်းသူအရွယ်ဆိုရင် ထူးချွန်အောင်မြင်မှု လိုချင်တာက စာမေးပွဲအောင်မြင်မှုမျိုးပေါ့။ လုပ်ငန်းခွင်ထဲက ဝန်ထမ်းဆိုရင် လုပ်ငန်းခွင် ထူးချွန်မှု၊ စီးပွားရေးလုပ်နေတဲ့သူဆိုရင် တော့စီးပွားရေးထူးချွန်အောင်မြင်မှုပေါ့။ အမျိုးအမည်သာ ကွဲပြားမှုရှိပေမယ့် "ထူးချွန်မှု"ဆိုတာကတော့ အတူတူ ပါပဲ။

လူဆိုတာ ငယ်ရာကနေ ကြီးလာ တာဖြစ်လို့ ဘဝတစ်ဆစ်ချိုးပြောင်းလဲ မှုကို ဖြစ်ပေါ်စေတဲ့ တက္ကသိုလ်ဝင်တန်း အရွယ် မောင်တို့မယ်တို့အတွက် "စာမေးပွဲကို ထူးချွန်စွာအောင်မြင်မှု" ဟာ အရေးကြီးတာပေါ့။

ထူးချွန်သူ တစ်ယောက်ဖြစ်ဖို့ လိုက်နာရမယ့်နည်းနာတွေ များစွာ ရှိတယ်။

၁။ မြင်ကွင်းကျယ် အမြင်ကျယ်ကျယ် ကြည့်ပါ။ ဗဟုသုတရှိအောင် အမြဲလေ့လာ ဆည်းပူးပါ။

၂။ ရည်မှန်းချက်ထား၊ ဖြောင့်ဖြောင့် သွား၊ တည့်တည့်သွား။ အတားအဆီး အခက်အခဲတွေ့ရင်လည်း ကျော်လွှားပြီး သွားသာသွား။

၃။ အားထုတ်မှု၊ လုံ့လဝီရိယပြင်းပြင်း ထား။ ထက်ထက်သန်သန်အားစိုက်ပြီး အရှိန်အဟုန်နဲ့လှုပ်ရှားပါ။ ထူးချွန်လို သူဟာ သူတကာထက် နှာတစ်ဖျားသာ နေရမယ်။ သတင်းအချက်အလက်ခေတ်၊ ပညာခေတ်၊ အသိပညာ-အတတ်ပညာ အရေးကြီးတဲ့ခေတ်ထဲ မလွဲမသွေရောက်ရှိ နေတာဖြစ်လို့ တစ်သက်လုံးပညာကို ဆည်းပူးရမယ်ဆိုတာ သိနားလည်ထား ရမယ်။



ဒါဆိုရင် မောင်တို့မယ်တို့အနေနဲ့ အရင်ကထက် ဘဝကို အရည်အသွေး မြင့်မားအောင် အောက်ပါအချက် သုံးချက်ကို လက်တွေ့လုပ်ဆောင်ဖို့ အကြံပြုလိုပါတယ်။

၁။ တစ်နေ့ တစ်နာရီ စာဖတ်ဖြစ် အောင် ဖတ်ပါ။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ပညာရပ်ဆိုင်ရာစာအုပ်၊ ဘာပဲ ဖတ်ဖတ်ကြိုက်ရာကို နေ့စဉ်ဖတ်ပါ။

၂။ ရေဒီယိုအစီအစဉ်တွေကို နား ထောင်ပါ။ ကားပေါ်မှာ နားထောင်ရင် လည်း ရပါတယ်။ ဗဟုသုတတိုးပွားစေ ပါတယ်။

၃။ တစ်သက်လုံး ပညာရှာဖွေနေသူ ဖြစ်ပါစေ။ အကျိုးရလဒ်တွေဟာ အလွန် အံ့သြဖွယ်ရာ များပြားပါတယ်။ ထူးချွန်သူ တစ်ဦးဖြစ်ဖို့ ဘဝရဲ့ဖြတ်သန်းမှုမှာ လိုအပ်လာရင် အမူအကျင့်ဟောင်းတွေ၊ လုပ်ဆောင်မှုဟောင်းတွေ၊ ပတ်ဝန်းကျင် ဟောင်းတွေ၊ အတွေးအမြင်ဟောင်းတွေ၊ ရည်မှန်းချက်အဟောင်းတွေ၊ ပန်းတိုင် အဟောင်းတွေ၊ ကျင်လည်ရတဲ့ လူမှု လောက ဝန်းကျင်ဟောင်းတွေကို အပြန်ပြန်အလှန်လှန် ဝေဖန်သုံးသပ်ကာ ရဲရဲဝံ့ဝံ့ဆုံးဖြတ်ပြီး အတွေးသစ်အမြင်သစ် များစွာနဲ့ အစားထိုးလုပ်ဆောင်နိုင်ရမယ်။

ဒါမှသာ လက်ကျန်ဘဝအပိုင်းအစစ် တစ်ခုမှာ ထူးချွန်မှု၊ အောင်မြင်မှု၊ ကြီးပွား ချမ်းသာမှုတွေ ရရှိလာမှာပေါ့ကွယ်။

နောက်ပြီး ထူးချွန်သူဖြစ်ဖို့ရာ လက္ခဏာ (၇) ချက်ကိုလည်း လိုက်နာ ရဦးမှာ။

၁။ အမြော်အမြင်ရှိရမယ်။
၂။ မေတ္တာတရားပြည့်ဝရမယ်။
၃။ ဆက်သွယ်မှုကောင်းရမယ်။
၄။ သတ္တိရှိရမယ်။
၅။ အပြုသဘော ပျိုးထောင်မှုမျိုး ရှိရမယ်။
၆။ တီထွင်ဖန်တီးနိုင်စွမ်းရှိရမယ်။
၇။ စိတ်အားထက်သန်မှုနဲ့ လုံ့လ ရှိရမယ်။

ဒီအချက်တွေကို လိုက်နာကျင့်ကြံ နိုင်မယ်ဆိုရင် မကြာခင်မှာ အရည် အသွေးတွေ မြင့်တက်လာပြီး ထူးချွန် သူလည်း ဖြစ်လာတော့မှာပေါ့။

ထူးချွန်သူတစ်ဦး ဖြစ်ဖို့ရာ နောက်ထပ် လိုက်နာရမယ့်နည်းနာတွေ များစွာရှိပေမယ့်၊ အတိုချုပ်အနေနဲ့ (၇) ချက်ကို ဖော်ပြပေးလိုက်ပါတယ်။

၁။ အမြင်အဝေးကို ကြည့်တတ်တဲ့ နေရာမှာ လင်းယုန်ငှက်ရဲ့မျက်စိကဲ့သို့။

၂။ ယုယကြင်နာကရုဏာနဲ့ မေတ္တာ ပြည့်ဝရာမှာ သိုးကျောင်းသားကဲ့သို့။

၃။ ဆက်သွယ်မှုကောင်းတဲ့နေရာမှာ ပုရွက်ဆိတ်ကဲ့သို့။

၄။ သတ္တိရှိရာမှာ ခြင်္သေ့ကဲ့သို့။

၅။ အပြုသဘော ပျိုးထောင်ရာမှာ လယ်သမားကဲ့သို့။

၆။ တီထွင်ဖန်တီးတဲ့နေရာမှာ အိုးထိန်းသည်ကဲ့သို့။

၇။ ဖွဲ၊ လုံ့လရှိရာမှာ လိပ်ကဲ့သို့။ (လိပ်ရဲ့ ကိုယ့်ဘက်ကိုယ်ယက်တတ်တဲ့ သဘောကို ယူရန်မဟုတ်) ဒီအချက်တွေ ကို လိုက်နာလုပ်ဆောင်နိုင်ပြီဆိုရင် မောင်တို့မယ်တို့ဟာ မလွဲမသွေကို ထူးချွန်သူတစ်ဦး ဖြစ်လာတော့မှာ ပေါ့ကွယ်။ ။

# ယဉ်ကျေးမှုစနစ်များ၏ ဉာဏ်ပညာအပေါ် ရှုထောင့်များ

အောင်မြတ်စည်သူ

များမကြာသေးမီက အနောက်တိုင်းယဉ်ကျေးမှု မထွန်းကားသောသူတို့သည် အနောက်တိုင်း ယဉ်ကျေးမှုစစ်ဆေးချက်များကို ပုံဖော်ခဲ့သူများနှင့် အတော်လေးကွာခြားနေသော အသိဉာဏ်အပေါ် ထင်မြင်ယူဆချက်များရှိခဲ့သည်ဟု သုတေသန သမားများက လေ့လာတွေ့ရှိခဲ့ကြပေသည်။ ထို့ကြောင့် ဤယဉ်ကျေးမှုဆိုင်ရာ တစ်ဖက် စောင်းနင်းပြောဆိုချက်သည် အချို့သောသူတို့ အတွက်သာ မှန်ကန်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ကာမူ ယဉ်ကျေးမှုစနစ်အသီးသီးမှ အသိဉာဏ်ကို လေ့လာကြသူတို့သည် အဓိကအကျပ်အတည်းတစ်ခု ကိုတော့ ကြုံတွေ့ကြရပေသည်၊ ထောက်ပြရသော် လူတို့ကို စံနှုန်းသတ်မှတ်ချက်တစ်ခုနှင့် နှိုင်းယှဉ်ရန် လိုအပ်ချက်သည် ထိုသူတို့ကို ၎င်းတို့ကိုယ်ပိုင်တန်ဖိုး နှင့် သဘောတရားများကို သိစေရန် လိုအပ်ချက်နှင့် စာသော် မည်သို့မည်ပုံဟန်ချက်ညီမျှမည်နည်း ဟူသော မေးခွန်းများပင် ဖြစ်သည်။

ဥပမာဆိုရသော် မီချီဂန် တက္ကသိုလ်မှ Richard Nesbit က အရှေ့အာရှနှင့် အနောက်တိုင်း ယဉ်ကျေးမှုတို့သည် အသိဉာဏ်ကို နားလည်သဘော ပေါက်ပုံအပါအဝင် အခြေခံနည်းစနစ်များတွင် ကွာခြားသွားသည့် သိမြင်လွယ်သောယဉ်ကျေးမှုများ ထွန်းကားလာသည်ဟု သုံးသပ်ထားပါသည်။ အနောက်တိုင်းယဉ်ကျေးမှု ထွန်းကားသူတို့ကတော့ အသိဉာဏ်ကို လူတစ်ဦးချင်းစီ၏ တီထွင်နိုင်စွမ်းနှင့် အကျိုးသင့်အကြောင်းသင့် ဝင်ရောက်ငြင်းခုံဆုံးဖြတ် နိုင်စွမ်းဟု လက်ခံကြပြီး အရှေ့တိုင်းယဉ်ကျေးမှု ထွန်းကားသူတို့ကတော့ မိမိတို့၏အသင်းအဖွဲ့ရှိ ရှုပ်ထွေးမှုနှင့် အတိုက်အခံများကို နားလည်သဘော ပေါက်ပြီး မိမိတို့၏လူမှုရေးကို ကောင်းစွာထိန်းသိမ်း နိုင်စွမ်းဟု မြင်ကြလေသည်။ ဤရှုထောင့်ကို တရုတ် တို့၏ အသိဉာဏ်အပေါ် သဘောထားခံယူချက်သည် အများကို နားလည်ခြင်း အများနှင့်သက်ဆိုင်ခြင်း၊ မည်သည့်အချိန်တွင် မိမိ၏ဉာဏ်ပညာကို ပြသရမည် မပြသရမည်ကို သိရှိခြင်းအပေါ် အထူးပြုထားသည် ကို တွေ့ရှိခဲ့ကြသော Taiwan တက္ကသိုလ်မှ Sternberg နှင့် Shih-Ying က ကူညီထောက်ခံပေး ထားလေသည်။

အရှေ့အာရှနှင့် အနောက်တိုင်းကြား ကွာခြား ချက်သည် အသိဉာဏ်အကြောင်း နည်းအမျိုးမျိုးဖြင့် စဉ်းစားတွေးတောလာစေသော ထူးခြားချက်များမှ တစ်ချက်သာ ဖြစ်သည်။ Robert Serpell က အာဖရိကန်ကျေးလက်ဒေသ လူနေစုများ၏ အသိဉာဏ်အပေါ် ထင်မြင်ချက်ကို လေ့လာရင်း နှစ်အနည်းငယ်ကြာ ကုန်ဆုံးခဲ့လေသည်။ သူသိရ သည်မှာ အထူးသဖြင့် အနောက်တိုင်းပုံစံ ကျောင်းနေ ပညာရေး မထွန်းကားသေးသောနေရာများရှိ အာဖရိက လူနေစုများရှိ လူတို့သည် အသိဉာဏ်နှင့် လူမှုရေးဝင်ဆံ့ခြင်းကြား ကွဲပြားချက်ကို ပြတ်ပြတ် သားသား မခွဲခြားနိုင်ဟု သိရှိခဲ့ရသည်။ သာဓက ပြရသော် ဇမ်ဘီယာ ကျေးလက်ဒေသတွင် nzelu ကို လိမ္မာကျွမ်းကျင်ပြီး တာဝန်သိတတ်ခြင်းဟု လက်ခံ ထားကြသည်။ ထို့အတူ ကင်ညာ ကျေးလက်ဒေသရှိ Luo လူမျိုးတို့တွင်လည်း အသိဉာဏ်အပေါ် ထင်မြင် ချက်များသည် လေးမျိုးလေးသွယ်ရှိနေသည်ဟု တွေ့ရှိခဲ့ရသည်။ ၎င်းတို့မှာ paro ဟုခေါ်သော လက်တွေ့ကျကျတွေးခေါ်မှု၊ luoro ဟုခေါ်သော လေးစားမှုနှင့် တာဝန်သိတတ်မှုကဲ့သို့သော လူမှု အရည်အချင်းများ၊ winjo ဟုခေါ်သော နားလည် သဘောပေါက်မှုနှင့် neko တို့ ဖြစ်သည်။ စတုတ္ထ မြောက် ထင်မြင်ချက်သာလျှင် အနောက်တိုင်း အသိဉာဏ်ယူဆချက်နှင့်နီးပါး ကိုက်ညီလေ သည်။

ဤလူနေစုတစ်ခုတည်းတွင်ပဲ နောက်ထပ် လေ့လာချက်နှစ်ခုတွင် Stemberg နှင့် Grogorenko တို့သည် လက်တွေ့ဉာဏ်ပညာကို စစ်ဆေးသည့် ဆေးဖက်ဝင်အပင်များနှင့်ပတ်သက်သည့် ဗဟုသုတ စစ်ဆေးချက်တွင် အမှတ်များများရသောကလေးများ သည် ပညာရေးစစ်ဆေးချက်များတွင် မကြာခဏ အမှတ်နည်းလေ့ရှိသည်ကို တွေ့ရှိခဲ့ကြသည်။ ဤအချက်က လက်တွေ့နှင့် ပညာရေးဆိုင်ရာ ဉာဏ်ပညာတို့သည် တသီးတခြားစီတည်ရှိနေနိုင်ပြီး ယဉ်ကျေးမှုတစ်ခု၏တန်ဖိုးသည် ကလေးငယ်တစ်ဦး ၏ဉာဏ်ပညာလားရာ ဦးတည်ချက်ကို ပုံဖော် နိုင်ကြောင်း ထောက်ပြနေပေသည်။

ထိုအချက်သည် ယေဘုယျအားဖြင့် ရှုပ်ထွေး သောပြဿနာများကို မဖြေရှင်းနိုင်သူတို့သည် ထိုပြဿနာများကိုပင် အကျွမ်းတဝင်ရှိသော စကားစပ်များဖြင့် ဖော်ပြလိုက်သည့်အခါ ထိုသူတို့ ဖြေရှင်းနိုင်သွားကြသည်ဆိုသော အချက်ကို ထောက်ပြထားသော လေ့လာချက်များကိုပါ ထောက်ပိုးပေးသွားလေသည်။ ဥပမာဆောင်ရသော် ယခု Hawaii တက္ကသိုလ်တွင် စိတ်ပညာပါမောက္ခ အဖြစ် ထမ်းဆောင်နေသော Ashley Maynard သည် အနီးပတ်ဝန်းကျင်မှ အရုပ်ရက်ကန်းစင်များ ချည်မျှင် များနှင့် အခြားသောပစ္စည်းများကိုယူ၍ မက်ဆီကို နိုင်ငံရှိ Mayan ရွာတွင် နေထိုင်သောကလေးများ၏ သိမြင်နိုင်စွမ်းအပေါ် လေ့လာမှုများ လုပ်ဆောင် ခဲ့သည်။ ၎င်းသုတေသနက ကလေးများ၏ဖွံ့ဖြိုးမှု သည် အနောက်တိုင်းဖွံ့ဖြိုးမှုသီအိုရီများက ဖော်ပြ ထားသည့်တိုးတက်မှုနှင့် နှိုင်းယှဉ်နိုင်သော်လည်း ထိုကလေးများ၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို အခြေခံ ထားသောပစ္စည်းများနှင့် စမ်းသပ်မှုပုံစံများကို သုံးမှသာ နှိုင်းယှဉ်နိုင်သည်ဟု ထောက်ပြထားပါ သည်။

သိမြင်နိုင်စွမ်းကို လေ့လာသောစိတ်ပညာရှင် အများစု၏ မူလမျှော်လင့်ချက်မှာ ယဉ်ကျေးမှုဆိုင်ရာ ဘက်လိုက်ခြင်းမျိုးမရှိဘဲ စမ်းသပ်ချက်တစ်ခုကို စွမ်းဆောင်နိုင်သည်ဆိုသော အချက်ဖြစ်သည်။ သို့ရာတွင် ဤအချက်သည်မဖြစ်နိုင်ဟု ထောက်ပြနေ သည့် သက်သေအချက်အလက်များက တစ်ပုံတစ်ပင် ကြီးဖြစ်နေသည်။ Raven's Progressing Matrices ကို ဥပမာပြရလျှင် မူလကယဉ်ကျေးမှုနှင့် ကင်းလွတ် သည်ဟု ကြေညာခဲ့သော်လည်း ယခုအခါယဉ်ကျေးမှု ဆိုင်ရာအချက်များပါဝင်နေသည်ဟု သိရှိရသည်။ ထိုကဲ့သို့ နှုတ်ရေးဆိုင်ရာမဟုတ်သော စစ်ဆေးချက် များသည် ယဉ်ကျေးမှုတစ်ခုတွင် မရှိနိုင်သော ယဉ်ကျေးမှုဆိုင်ရာအချက်များတွင် အခြေခံထားလေ သည်။ အသိဉာဏ်အပေါ် သဘောထားများ၏ ယဉ်ကျေးမှုဆိုင်ရာ နှိုင်းယှဉ်ချက်များသည် ကျွန်ုပ် တို့ကို ယဉ်ကျေးမှုပေါင်းစုံက နားလည်သဘောပေါက် သော အသိဉာဏ်၏ကဏ္ဍအားလုံးကို လွှမ်းခြုံ မိသည့် စစ်ဆေးချက်တစ်ခုဖန်တီးရာတွင် တွန်းအား ပေးနိုင်မည်လားဆိုသည်ကတော့ သံသယရှိဖွယ်ပင် ဖြစ်သည်။ ထိုသို့သော စစ်ဆေးချက်သည်ပင် တစ်နေရာရာတွင် ယဉ်ကျေးမှုဟန်ချက်မညီခြင်း လုံးဝမရှိပါဆိုသောအချက်သည် ဖြစ်နိုင်ခြေနည်းနေ သေးသည်။

ဤအကျပ်အတည်းကို ဖြေရှင်းနည်းသည် ယဉ်ကျေးမှုမပါရှိခြင်းသည် မဖြစ်နိုင်ဆိုသောအချက် နှင့် ခိုင်လုံသောမည်သည့်စစ်ဆေးချက်ကိုမဆို လုပ်ဆောင်ခြင်းသည် ၎င်းနှင့်သက်ဆိုင်သော ယဉ်ကျေးမှု၏တန်ဖိုးနှင့် ဓလေ့ထုံးစံများကို ရင်းရင်း နှီးနှီး အကျွမ်းတဝင်ရှိနေရန် လိုအပ်သည်ဆိုသော အချက်တို့ကို လက်ခံလိုက်ခြင်းက ပို၍သက်ဆိုင်မည် ဖြစ်ပေသည်။

**Ref: views on intelligence across cultures, internet**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၄-ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ အမှတ်- ၁၉၈/၂၀၄ ဟုခေါ်တွင်သည့် (၄)ခန်းတွဲ(၄)ထပ်တိုက်အဆောက်အဦမှ အမှတ်-၂၀၄ ဘက်ခြမ်း၊ အခန်းအမှတ်-၁၄၊ (၂၅ပေx၆၀ပေ) အကျယ်အဝန်းရှိ တတိယထပ်/၄-လွှာ တိုက်ခန်းနှင့် လျှပ်စစ်မီတာ/ရေမော်တာ အပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့် ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကျင်သန်း [၁၂/အလန(နိုင်) ၀၃၄၃၀၉]က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၉၉၅၉၅၅၀၅၊ ၀၉-၄၀၁၅၄၆၂၄၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ တိုက်အမှတ်- ၂၄ ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၇)ထပ်တိုက်အဆောက်အဦမှ (လမ်းမဘက်မှကြည့်လျှင် လက်ဝဲဘက်ခြမ်း)၊ (၁၂ ၁/၂ ပေx ၅၀ပေ) အကျယ်အဝန်းရှိ (၅-လွှာ/ဘီ) တိုက်ခန်းနှင့် လျှပ်စစ်မီတာ/ရေမော်တာအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်း၊ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချခြင်းဖြင့်စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဝင်း [၁၂/လသန(နိုင်)၀၁၉၀၄၇]က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၉၅၉၅၅၀၅၊ ၀၉-၄၀၁၅၄၆၂၄၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့သစ်အရှေ့ရပ်ကွက်၊ ဟံသာဝတီလမ်း ဟုခေါ်တွင်သော ကွင်း/အကွက်အမှတ်နှင့်အမည်- ၁၉/ဇရစ်စမ်းမြောက်ကွက်၊ ဦးပိုင်အမှတ်-၁၂၆၊ ဧရိယာ (၀.၀၉၄) ဧကရှိ ဦးမျိုးဇင်ညွန့် [၁၂/ရကန (နိုင်) ၀၂၇၄၆၇] နှင့် ဒေါ်မိုးမိုးသိမ့် [၁၂/သလန (နိုင်) ၀၂၃၂၀၀] အမည်ပေါက်နှစ် (၃၀) ဂရန် မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား အမည်ပေါက်များထံမှ သန်လျင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် – ၃၅၅/၂၀၂၃ VI 31 (၁-၉-၂၀၂၃) ရရှိထားသည့် ယခုရောင်းချသူ ဒေါ်ခင်သီတာထွန်း [၁၂/သလန(နိုင်)၂၁၆၇၈၄]မှ မိမိဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီးပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာဖြိုး (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)**
**ဖုန်း – ၀၉-၂၅၀၅၁၆၉၈၀**

## "အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း"

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ ဝမ်ကောင်း/ဟောင်လိတ် ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၂)၊ ကွင်းအမည် လွယ်စတုံတောင်ကွင်း၊ မြေကွက်အမှတ်(၅၉)၊ မြေအကျယ်(၀.၀၅၅)ဧကရှိမြေကွက်ကို ယခင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်းကျိုင်းတုံမြို့)၏ (၂၀-၉-၂၀၀၅) ရက်စွဲပါစာအမှတ်- ၅/၁၈-၃၁/ဦး ၆ (၀၁၈၃) အရ ဒေါ်ရင်မေ [၁၃/တခလ(နိုင်)၀၄၂၇၅၉] ကိုင်ဆောင်သူအမည်ဖြင့် နေထိုင်ခွင့်သတ်မှတ်ချထားပေးခဲ့သော မြေကွက်နှင့် နေအိမ် အကျိုးခံစားခွင့်များကို ၎င်းအမည်ပေါက် လက်ရှိဖြစ်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝမ်လီရင် [၁၃/တခလ(နိုင်)၀၃၀၃၆၇] ကိုင်ဆောင်သူက စာချုပ်အဆက်ဆက်များဖြင့် (၈-၁၂-၂၀၂၁)ရက်နေ့ကတည်းက အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား အကျိုးခံစားလျက်ရှိသည်မှာ ယနေ့အချိန်အထိဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါအိမ်နှင့် ခြံမြေကွက်ကို ကျွန်ုပ်မိတ်ဆွေ၏ တရားဝင် အတိအလင်းစာဖြင့် သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အထက်ဖော်ပြပါ မြေကွက်နှင့် အိမ်ကို လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ အခမဲ့ခွင့်ပြုချက်ဖြင့် ထားရှိခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းစသော အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲလွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။

ဤသတိပေးတားမြစ်ကြေညာခြင်းကို လိုက်နာခြင်းမရှိပါက မည်သူကိုမဆို တရားဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မျိုးဟန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၁၁/၂၀-၁၂-၂၀၁၂)**
**ရုံး- တိုက်(၁၈၁)A2၊ ငမိုးရိပ်(၆)လမ်း၊ အပိုင်း(၁)၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-261 995 445, 09-420156322**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ် နောင်တရားမြို့တွင် ၄ ခန်းတွဲ ၄ ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး၊ ပင်းတယမြို့တွင် ၄ ခန်းတွဲ ၃ ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး တည်ဆောက်ခြင်းနှင့် မိုင်းတုံမြို့ ဝန်ထမ်းအိမ်ရာသို့ ရေ(သွယ်ယူခြင်း)လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် လျှောက်လွှာပုံစံများရယူ၍ အောက်ပါအတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်-

- တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် – ၂၆-၄-၂၀၂၄(သောကြာနေ့) (ရုံးချိန်အတွင်း)
- အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် – ၁၀-၅-၂၀၂၄(သောကြာနေ့) (၁၆:၃၀)နာရီ
- တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန် – မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး တောင်ကြီးမြို့။

၂။ အသေးစိတ်သိရှိလိုပါက ရုံးဖုန်း- ၀၈၁-၂၀၆၇၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၊ မြေကွက်အမှတ်-၅၇၁၊ မြေကွက်တည်နေရာအမှတ်- ၅၇၁၊ ပဒုမ္မာ(၅)လမ်း၊ ၄၉ ရပ်ကွက်၊ ဒဂုံမြောက်(ဦးဘထွန်း) အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား CP-၀၁၀၈၀၆၊ အမည်ပေါက် ဦးဘထွန်းနှင့် ဦးရွှေလှဝင်းတို့အား တရားပြိုင်ထားကာ ဦးငွေးညွန့်၏ ကိုယ်စားလှယ်ရသူ ဒေါ်ခင်မြတ်သူမှ တရားလိုပြုလုပ်၍ ဒဂုံမြောက်မြို့နယ် တရားမရုံး၌ တရားမကြီးမှုအမှတ်- ၉/၂၀၂၀ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် (၄၃'x ၆၀') ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း (၂၈'x ၆၀') ပေအား အနိုင်ဒီကရီချမှတ်သည့် (၄/၃/၂၀၂၀)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ်- ၁၅/၂၀၂၃ တို့အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန (နိုင်)၀၀၃၄၁၉] မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ အရောင်း (portion) မြေပုံကူး လျှောက်ထားလာရာ မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် တရားရုံးအနိုင်ဒီကရီပါ (၂၈'x၆၀')ပေတွင် တစ်ထပ် B/N တိုက်တစ်လုံးရှိပြီး တရားနိုင် ဦးငွေးညွန့် ကိုယ်တိုင်နေထိုင်ပြီး ကွင်းဆင်းသိရှိကြောင်း ကွင်းဆင်းဖောင်တွင် လက်မှတ်ရေးထိုးပေးပါသည်။ ဘီလစ်ခန့်အပ်ကြောင်း ဘီလစ်ခန့်စာအား မူရင်း၊ မိတ္တူတိုက်ဆိုင် စစ်ဆေးရန် အကြောင်းကြားခဲ့ရာ ဌာနဝင်စာဖြင့် တရားနိုင်မှ အရာရှိရှေ့လက်မှတ်ရေးထိုးပြီးတင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ဘီလစ်ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောက်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကုန်အမှတ်တံဆိပ် သတိပေးကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် - ၈ တွင် တည်ရှိသော SPACE FOR ALL LIMITED BY GUARANTEE ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသတိပေး ကြေငြာအပ်ပါသည် -

SPACE for ALL
SPACE for ALL
Language Academy

မှတ်ပုံတင်စာချုပ်အမှတ် - ၄/၂၃၇၀/၂၀၂၄

SPACE FOR ALL LIMITED BY GUARANTEE သည် အထက်ဖော်ပြပါ "SPACE for ALL" Language Academy စာတန်းပါ ပုံဖော်အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အထက်ပါ "SPACE for ALL" Language Academy စာတန်းပါ ပုံဖော်တံဆိပ်ကို အသုံးပြု၍ မူကြို၊ မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းအရွယ် ကလေးများအား အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော၊ အကြား စသော English 4Skill သင်တန်းများ ဖွင့်လှစ်သင်ကြားသည့် အင်္ဂလိပ်စာသင်တန်းကျောင်းဖွင့်လှစ်ခြင်း လုပ်ငန်းများကို လုပ်ကိုင်မည်ဖြစ်ပြီး "SPACE for ALL" Language Academy စာတန်းပါ ပုံဖော်အမှတ်တံဆိပ်ကို ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး ပြုလုပ်၍ စာရွက်စာတမ်းများ၊ ထုပ်ပိုးပစ္စည်းများအပေါ်၌ ဖိနှိပ်၊ ကပ်နှိပ် ရိုက်နှိပ်၊ အသားတံဆိပ် ပြုလုပ်၍လည်းကောင်း၊ ခေတ်နှင့်အညီ ပေါ်ပေါက်လာသော အီလက်ထရောနစ်နည်းပညာများတွင် အသုံးပြုခြင်းဖြင့်လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "SPACE for ALL" Language Academy အမှတ်တံဆိပ်အား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား ဖြစ်စေရန် သော်လည်းကောင်း တုပသုံးစွဲခြင်း မပြုကြရန်နှင့် ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချန္ဒရာ (LL.B) (စဉ်-၁၀၆၂၉) ဒေါ်အေးမြတ်မွန် (LL.B)(စဉ်-၉၄၄၃)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၃/၄၉၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph – 095161378 , 09965161378**

## ပတ်စ်ပို့ပျောက်

(အဖ)ဦးထွန်းရှင်၏ သား မောင်ရန်လင်း [၉/တကန(နိုင်) ၁၃၉၇၂၈]၏ Passport-NO MA-784979 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၇၀၈၈၆၂**

## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

၂၃-၃-၂၀၂၄ ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၉)ရှိ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၈၀၂) အစား မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၈၀၂/က) ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

# နိုင်ငံ
# သာယာ
# ဝပြောဖို့
# သဘာဝ
# တောတွေ
# ထိန်းသိမ်းစို့

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၀၅-ရပ်ကွက်၊ ငုရွှေဝါလမ်း၊ အမှတ်-(၇၁/ခ)ဟု ခေါ်တွင်သော အကျယ်အဝန်း(၂၀'x၆၀')ရှိဦးကျော်ကျော်နိုင်အမည်ပေါက် ပါမစ်မြေကွက်အား အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်စိုးမိုး [၁၂/ဥကတ(နိုင်) ၀၁၃၈၆၁] မှ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်ဝါဝါနှင်း [၇/သဝတ(နိုင်)၀၉၃၃၅၀]က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများ မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
